မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၇၂

မိုးကုတ်ယောဂီများအတွက် ထုတ်ဝေပါသည်

ကွယ်လွန်သူ
ဖခင်ကြီး ဦးမောင်ကောက်နှင့် သားထွန်းထွန်းဦး
အား ရည်စူး၍ ဇနီး ဒေါ်လှမြင့်နှင့်
သားသမီးမြေး တစုကောင်းမှု

http://www.thitsarparamisociety.com/



# နတ်ပြည်ရောက်မှန်း မသိခင် သောတာပန် တည်တယ်

(၁၁–၁၀–၆၁)

၆၆

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော်
အမှတ်စဉ် (၂၁)မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# နတ်ပြည်ရောက်မှန်းမသိခင် သောတာပန်တည်တယ်

(၁၁-၁၀-၆၁)

ဒကာဒကာမတွေမှာရှိတဲ့ ဉာဏ်ကလေးကို ဘုန်းကြီးများက ရွှေ့သွားခေါင်းဆောင် လုပ်နေတဲ့အတွက် ဒီဉာဏ်ကလေးဖြင့် ပြောင်းဖြစ်အောင် ပြောင်းပေးပါဆိုတာကိုပဲ တိုက်တွန်းချင်တယ်နော်။

ဒီဉာဏ်ကလေးက ဘာဉာဏ်တုံးလို့ မေးတော့စာလိုသုံးတော့ ဒကာဒကာမတို့ သာသနာပ သမ္မာဒိဋ္ဌိ, သာသနာတွင်း သမ္မာဒိဋ္ဌိ . . . တဲ့ . . . သမ္မာဒိဋ္ဌိ နှစ်မျိုးပေါ့နော်။

သာသနာပသမ္မာဒိဋ္ဌိက တစ်မျိုး သာသနာတွင်း သမ္မာဒိဋ္ဌိက . . . (တစ်မျိုးပါဘုရား)။

ကောင်းပြီ . . . တဲ့၊ ဒီဥစ္စာ ဩော် . . . ဆရာဘုန်းကြီး ဒီနေ့ ဘာ့ယ့်နှယ်ကြောင့် ဒီနှစ်ခု မူတည်လာပါလိမ့်မတုံး၊မေးတဲ့အခါ ကျလို့ရှိရင် ကိုယ်သိထားတဲ့ ဉာဏ်အမြင်ကို ရှေ့တစ်လှမ်းတိုးပြီး ပြောင်းပေးလိုက်တယ်လို့ မှတ်ကြပါနော်။

ဉာဏ်အမြင်ပြောင်းမပေးလို့ရှိရင် ဒကာကြွယ် သာမည ဉာဏ်နဲ့ဆိုရင် သာမညခရီးပဲ ပေါက်မယ်နော် . . . ထူးခြားတဲ့ဉာဏ် ဆိုရင် ထူးခြားတဲ့ခရီးပေါက်မယ်။

ဒါ့ကြောင့် **သာသနာတွင်း ဉာဏ်, သာသနာပဉာဏ်** . . . လို့ ဆိုတဲ့ ဉာဏ်သည် နှစ်မျိုးရှိတယ် . . . စာလိုသုံးတော့ ခုနင်က ပြောခဲ့တဲ့ **သာသနာပသမ္မာဒိဋ္ဌိ, သာသနာတွင်းသမ္မာဒိဋ္ဌိ** စာလိုတော့ ဒီလိုသုံးပေါ့ဗျာ . . .

ဒကာဒကာမတွေ နားလည်မှုကို ဘုန်းကြီးတို့ တန်ဆာဆင် ပြောတော့ **သာသနာပမှာပေါ်တဲ့ ဉာဏ်တစ်မျိုး, သာသနာတွင်းမှာ ပေါ်တဲ့ဉာဏ်တစ်မျိုး** . . . ။

ဒါဖြင့် ဒကာဒကာမတွေ သန္တာန်မှာ သာသနာပဉာဏ် ကလေးရှိနေလို့ရှိရင် သာသနာတွင်း လူဖြစ်ငြားသော်လဲ လိုရာခရီး ရှေ့တစ်လှမ်းတိုးပြီး မပေါက်ရောက်နိုင်ဘူး. . .။

ဒါကြောင့် သာသနာတွင်းဉာဏ်ကလေးကို သွင်းပေးမှသာ လျှင်လိုရာခရီးကို အပြီးတိုင်ရောက်မယ်ဆိုတာ ဒကာကြွယ် ဒကာသစ်တို့ မှတ်ရမယ်. . .။

## ဉာဏ်ပြင်ပေးနေတယ်

http://www.thitsarparamisociety.com/

ကဲ. . . ဒါဖြင့်ပြောကြစို့တဲ့ ဒကာဒကာမတို့၊ ဩော်. . . ဒို့ဆရာဘုန်းကြီးက ယနေ့ဒို့ကို ဘာပြင်ပေးတာလဲပါလိမ့်မတုံး ဆိုတော့ ဦးမာဒင်တို့ သေသေချာချာမှတ်ပါနော်၊ ဉာဏ်ပြင်ပေး နေတယ်. . .။ ဒကာဒကာမတို့ ဘာပြင်ပေးသလဲ. . . (ဉာဏ်ပြင် ပေးပါတယ်ဘုရား) ဉာဏ်ပြင်ပေးနေတယ်လို့ မှတ်ပါနော်။

ကောင်းပြီ- ဒါဖြင့် ဉာဏ်သည် ဒကာဒကာမတွေကျောင်း ကန်,ဘုရားတည်ကြ, လှူကြ, ပေးကြ, ကမ်းကြတယ်၊ အဲဒီ့ လှူကြ, ပေးကြ, ကမ်းကြတာ ကုသိုလ်ရတယ်နော်. . .

ဒီကုသိုလ်ဘယ်သူရမလဲလို့ ဒကာဒကာမတွေကိုမေးတော့ အို. . . ကိုယ်လုပ်-ကိုယ်ရမှာပေါ့ဘုရား. . . မဖြေကြဘူးလား . . . (ဖြေပါမယ်ဘုရား)။

ကိုယ်လုပ်ရင်. . . (ကိုယ်ရပါတယ်) ငါလုပ်ရင်. . . (ငါ သိရပါတယ်ဘုရား) သူလုပ်ရင်. . . (သူရပါတယ်ဘုရား) ဩော် . . . ငါ-ကိုယ်-သူဆိုတဲ့ အတ္တဒိဋ္ဌိအစွဲရှိတယ်. . .။

ဩော်. . . ဒါဖြင့် ကုသိုလ်ထဲမှာ အတ္တဒိဋ္ဌိဆိုတဲ့တရား တစ်ခုဝင်နေတယ်၊ ဒိဋ္ဌိကပ်နေတယ်လို့ သေသေချာချာ ဦးဗထွေးတို့- ဦးသန်းမောင်တို့ မှတ်ရလိမ့်မယ်. . .။

## ကုသိုလ်ထဲငါဝင်ရှုပ်နေတယ်

ငါလုပ်ရင် ငါရတယ်. . . ငါကလေးဝင်ရှုပ်နေတယ် (မှန်

http://www.thitsarparamisociety.com/



ပါဘုရား) ကုသိုလ်ထဲမှာ ဘာကလေး ဝင်ရှုပ်နေသတုံး. . . (ငါကလေးဝင်ရှုပ်နေပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒီကုသိုလ်သည်ကားလို့ ဆိုရင်ဖြင့် သက္ကာယဒိဋ္ဌိတွေနဲ့တွဲနေတယ်. . . ဦးမာဒင်ဆိုထိုက်- မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

ငါလုပ်ရင်ငါရတယ်. . . သူလုပ်ရင်. . . (သူရပါတယ်ဘုရား) ဘာနဲ့ တွဲနေသတုံး. . . (သက္ကာယဒိဋ္ဌိနဲ့ တွဲနေပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာ မမှန်ဘူးလား. . . လို့ မေးတဲ့အခါကျတော့ မှန်တယ်. . . သူလုပ်ရင် သူရမှာ ဧကန်ပဲ. . . (မှန်ပါ့) ကိုယ်လုပ်ရင်ကိုယ်ရမှာကော. . . (ဧကန်ပါဘုရား) ဦးလှဘူး မှန်တယ်. . .။

မှန်ပင်မှန်ငြားသော်လဲ. . . တဲ့၊ အားလုံးဒကာဒကာမတွေက မှတ်လိုက်တာပေါ့၊ ဒိဋ္ဌိနဲ့တွဲနေတယ်. . . ဘာနဲ့တွဲနေသလဲ. . . (ဒိဋ္ဌိနဲ့တွဲနေပါတယ်ဘုရား)။

## အာသဝနယ်ထဲမှာပဲအကျိုးပေးမယ်

အတ္တဒိဋ္ဌိနဲ့တွဲနေတယ်. . . အတ္တဒိဋ္ဌိနဲ့တွဲနေတော့ ဒီကုသိုလ်သည်ကားဒိဋ္ဌိနဲ့တွဲပြီးသကာလ အာသဝနယ်ထဲမှာပဲ အကျိုးပေးလိမ့်မယ်. . .။

အဘယ်ကြောင့် အာသဝနယ်ထဲအကျိုးပေးရမတုံးဆိုတော့ သူလုပ်ရင် သူရ၊ ကိုယ်လုပ်ရင်-ကိုယ်ရ ဆိုတဲ့ ယုံကြည်လုံးက

http://www.thitsarparamisociety.com/

ဒီအထဲမှာ ဒိဋ္ဌိနဲ့တွဲပြီး ယုံကြည်နေပါတယ်. . . (မှန်ပါ့) ဘယ်လိုဆိုကြမလဲ. . . (ဒိဋ္ဌိနဲ့ တွဲပြီး ယုံကြည်နေပါတယ်ဘုရား)။

အားလုံးက ဒကာဒကာမတွေ ဒီဥစ္စာ လွယ်လွယ်ကူကူလို့ လုပ်ပြီးသကာလ သား,လင်,မယားတွေ, ဆွေမျိုးတွေကိုလဲ ဒီလိုပဲ ပြောလေ့ ဆိုလေ့ရှိတယ်. . .။

ပြောလေ့ ဆိုလေ့ရှိတယ်. . .၊ ဦးမ ၊ဒင်တို့လူစု ထို့အတူပဲ၊ ဦးဗထွေးတို့ ဦးသန်းမောင်တို့လဲ ဒီအတိုင်းပြောလေ့ ဆိုလေ့ရှိတယ် . . .။

ဘယ်သူကပြော ဘာကိစ္စရှိသတုံးကွ၊ ကိုယ်လုပ်မှ ကိုယ်ရတာဆိုတော့ ကုသိုလ်လဲ လုပ်ရပါတယ်တဲ့. . . ကိုယ်လုပ် ကိုယ်ရတယ် ဆိုတော့ အစွဲကလေးတွေက ရှိပါတယ်. . . (ရှိပါတယ်ဘုရား) မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီကုသိုလ်သည် ဒကာဒကာမတို့ ဒိဋ္ဌိနဲ့ရောမရော (ရောပါတယ်ဘုရား) ဒိဋ္ဌိနဲ့ ရောနေတယ်. . . ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ကမ္မဿကတဉာဏ်သည်ဒိဋ္ဌိကိုမခွာနိုင်

ဘာနဲ့ ရောနေသလဲ. . . (ဒိဋ္ဌိနဲ့ရောနေပါတယ်ဘုရား) ဒါဖြင့် ဒကာဒကာမတွေက မှတ်လိုက်တာပေါ့ ဩော်. . . ကံ,ကံ၏အကျိုး ယုံကြည်တဲ့ဉာဏ်သည် ကမ္မဿကတဉာဏ်. . . အဲဒီ

http://www.thitsarparamisociety.com/



ကမ္မဿကတဉာဏ်သည် ဒိဋ္ဌိကိုမခွာနိုင်ဘူး. . . ရှင်းပလား . . . (ရှင်းပါပြီ)။

ကမ္မဿကတဉာဏ်သည်. . . (ဒိဋ္ဌိကိုမခွာနိုင်ပါဘုရား) ဒိဋ္ဌိကိုမခွါနိုင်ဘူးဆိုတာကို ရှေးဦးစွာမှတ်ထားတော့ ဩော်. . . ဒိဋ္ဌိကလဲဒိဋ္ဌာသဝလို့ ဟောထားတော့ ဒိဋ္ဌာသဝ နယ်ထဲမှာပဲ၊ အာသဝလွတ်တဲ့နေရာက နိဗ္ဗာန်ကိုးဗျ- အာသဝနယ်ထဲမှာပဲသူကအကျိုးပေးဆိုလို့ရှိရင်ဖြင့် ဦးမာဒင်တို့ ဦးသန်းမောင်တို့က မှတ်ထားပေါ့နော်. . . ။

အင်း. . ဒိဋ္ဌိမကွာပဲနဲ့ လုပ်တဲ့ကုသိုလ်ကတော့ဖြင့် ဒိဋ္ဌိနယ်ထဲပဲ အကျိုးပေးမှာပဲ. . . လူပြည်-နတ်ပြည်-ဗြဟ္မာ့ပြည်ဆိုတဲ့ ဒိဋ္ဌိနယ်ထဲတော့. . . (အကျိုးပေးမှာပါဘုရား)။

## ဒိဋ္ဌိပါရင်နိဗ္ဗာန်ကလက်မခံဘူး

ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဒိဋ္ဌိပါနေလို့ . . . နိဗ္ဗာန်ဘက် မင်းသွားပါလား ဆိုတော့ ဒိဋ္ဌိပါရင် နိဗ္ဗာန်ကလက်မခံဘူး. . . ။

ဒိဋ္ဌိပါရင်. . . (နိဗ္ဗာန်ကလက်မခံပါဘုရား) ဒါ-စဉ်းစားရဦးမယ်. . . ဒကာကြွယ် (စဉ်းစားရပါဦးမယ်ဘုရား) စဉ်းစားရဦးမယ် ဒကာဒကာမတွေ ဉာဏ်လဲထုတ်ကြပါနော်. . . ။

ဩော် . . . ကိုယ်လုပ်ရင် ကိုယ်ရ - သူလုပ်ရင်သူရဆိုတဲ့ သဘောဟာ ကိုယ်,သူ ပါ ပြီးနေတဲ့အတွက် ထင်လဲထင်နေကဲ့

http://www.thitsarparamisociety.com/

အတွက် ဒီကမ္မဿကတဉာဏ်နဲ့. . . (တနည်း) ကိုယ်လုပ်ရင်-ကိုယ်ရဆိုတဲ့ အလှူအတန်း အပေးအကမ်းတွေ သည်ကားလို့ဆိုရင် ဒိဋ္ဌိကိုမဖြုတ်နိုင်တဲ့အတွက် တွဲနေတယ်လို့ ဦးမာဒင်တို့ မှတ်လိုက်စမ်းပါ. . .॥

ကမ္မဿကတဉာဏ်ဟာ- (ဒိဋ္ဌိမခွါနိုင်ပါဘုရား) ဒါဖြင့် ဒိဋ္ဌိမခွါနိုင်တော့ သာသနာပမှာလဲ ဒီထမင်းရည်ချောင်းစီး ဆိုတဲ့ အလှူအတန်း အပေးအယူတွေလုပ်ကြတာပဲ. . . (လုပ်ပါတယ်ဘုရား) သာသနာပလဲလုပ်တော့ ဘာဉာဏ်နဲ့ လုပ်သတုံးမေး တော့ ဒိဋ္ဌိမခွါတဲ့ ကမ္မဿကတဉာဏ်နဲ့လုပ်တယ်. . .॥

ဘယ်လိုမှတ်မလဲ. . . (ဒိဋ္ဌိမခွါတဲ့ ကမ္မဿကတဉာဏ်နဲ့ လုပ်ပါတယ်ဘုရား)॥

ဒိဋ္ဌိမကွာတဲ့ ကမ္မဿကတဉာဏ်နဲ့ လုပ်တယ်လို့ မှတ်ထားလိုက်တော့ အင်း-သူကဒိဋ္ဌိရောတယ်ဆိုတာ ဒကာဒကာမတွေ ရှင်းသွားပြီ. . . (ရှင်းပါပြီဘုရား)॥

ကဲ. . . ဒါဖြင့် ဒီဒကာဒကာမတွေဉာဏ်တစ်ဆင့်တိုးပြီး သကာလ၊ ဟာ-ဒီဉာဏ်ဟာနိဗ္ဗာန်အနှောင့်အယှက်ဖြစ်တယ်. . . လှူတော့-လှူတာပေါ့ ပေးတော့-ပေးတာပေါ့ ကမ်းတော့ ကမ်းတာပေါ့၊ သို့သော်. . . သစ္စာနုလောမိကဉာဏ်ကလေးထည့်လိုက်. . .

ဘာထည့်မယ်. . . (သစ္စာနုလောမိကဉာဏ် ထည့်လိုက်ပါမယ်) သစ္စာနုလောမိကဉာဏ်ကလေး ထည့်လိုက်ပါလို့ သတိပေးရတယ်. . .॥

http://www.thitsarparamisociety.com/



သစ္စာနုလောမိကဉာဏ်ဆိုတာကတော့ - ဒကာဒကာမတို့ ခန္ဓာကိုယ်ကို ဝိပဿနာရှုတဲ့ဉာဏ်. . .။

သစ္စာနုလောမိကဉာဏ်ဆိုတာ ဘာပါလိမ့်. . . (ခန္ဓာကိုယ်ကိုဝိပဿနာရှုတဲ့ဉာဏ်ပါဘုရား)

အဲဒါကတော့ သစ္စာနုလောမိကဉာဏ်သစ္စ-ကသစ္စာ၊ အနုလောမိက-က လျော်သော ဉာဏ်က သိတာ. . .။

ဒါဖြင့်သစ္စာနဲ့ လျော်အောင်သိတဲ့- ဉာဏ်ဖြင့် ခန္ဓာကိုယ်ကြီးကိုဖြစ်ပျက်မြင်တဲ့-ဉာဏ်သည်ဒီသမ္မာဒိဋ္ဌိပဲ သမ္မာဒိဋ္ဌိကတော့ . . . သို့သော်သူက သစ္စာနဲ့လျော်တယ် . . . (ဝါ) သစ္စာမြင်တယ် . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာမြင်တဲ့သမ္မာဒိဋ္ဌိနဲ့လှူကြ တန်းကြ-ပေးကြ ကမ်းကြတဲ့အခါကျလို့ရှိရင်ဖြင့် . . . တဲ့ ဒကာဒကာမတို့ လှူလဲလှူပါ တန်းလဲတန်းပါ၊ ပေးလဲ-ပေးပါ၊ ကမ်းလဲ-ကမ်းပါ သြော် . . . ဖြစ်ပျက်ဒုက္ခသစ္စာကြီးကိုဖြင့် ကျွတ်ခြင်း လွတ်ခြင်းကို အလိုရှိလို့ လှူဒါန်းပါ၏ ပေးကမ်းပါ၏လို့ ပြောင်းလိုက် . . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဒုက္ခသစ္စာကြီးကို ကျွတ်ခြင်းလွတ်ခြင်းကို အလိုရှိ၍ ပေးကမ်းပါ၏ . . လှူဒါန်းပါ၏ဆိုတော့ ဒါတွေ ကျွတ်ချင်လွတ်ချင်လို့ဆိုတော့ ဒကာဒကာမတို့ သစ္စာသိတဲ့ပုဂ္ဂိုလ်မို့ ဒီဖြစ်ပျက် ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးဟာ ဖြစ်ပျက်ကြီးပဲ . . . ၎င်းဖြစ်ပျက် ဒုက္ခသစ္စာကြီးကို ကျွတ်ခြင်းလွတ်ခြင်းကို အလိုရှိ၍ လှူဒါန်းပါ၏ ပေးကမ်းပါ၏ဆိုပြီးသကာလ လှူကြ-ပေးကြလို့ ရှိရင် ကမ္မဿက

http://www.thitsarparamisociety.com/

တဉာဏ်လဲပါတယ် သစ္စာနုလောမိကဉာဏ်ကော . . (ပါပါတယ် ဘုရား)။

## ဒီဉာဏ်နဲ့လှူမှ နိဗ္ဗာန်အကျိုးပေးတယ်

အဲဒီ. . . . ဉာဏ်နဲ့ လှူလိုက်တဲ့အခါ ပေးလိုက်တဲ့အခါ ကမ်းလိုက်တဲ့အခါကျတော့ ဝိဝဋ္ဋကုသိုလ် နိဗ္ဗာန်အကျိုးပေးတယ် (မှန်လှပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဒုက္ခသစ္စာကြီးမှ ကျွတ်ခြင်း လွတ်ခြင်းကို အလိုရှိ၍ လှူဒါန်းပါ၏ ပေးကမ်းပါ၏ဆိုတဲ့ဥစ္စာ သာသနာတွင်း အလှူလို့ မှတ်လိုက် . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ငါလုပ်-ငါရတယ်ဆိုပြီး လှူတဲ့အလှူသည် ဒိဋ္ဌိမကွာဘူး (မကွာပါ) ဒိဋ္ဌိမကွာတော့ ဒီလိုမှတ်လိုက်ပါ၊ ကလေးတွေစွန်လွှတ် သလိုလို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့က မှတ်လိုက်ပါ (မှန်ပါ့ ဘုရား)။

## စွန်လွှတ်သည့် ဥပမာ

ကလေးတွေ စွန်လွှတ်တော့ သူ့ယောက်လုံးထဲမှာ ချည်မျှင် တွေရှိတယ် ဒီကစက္ကူစွန်ကို ဆွဲဆောင်သွားတဲ့အခါမှာ ကြိုးအဆုံး တော့ တက်တယ် . . နောက် . . . ဒီစွန်လွှတ်တဲ့ သူငယ်ကတော်ပြီ သိမ်းတော့မယ်ဆိုလို့ရှိရင် ကြိုးပြန်ရစ်လိုက်တဲ့အခါ သူသွားချင်သလို

http://www.thitsarparamisociety.com/



သွားရသလား . . . တဲ့ ယောက်လုံးနားပဲ ပြန်ရောက်ရသလား . . (ယောက်လုံးနားပဲ ပြန်ရောက်ရပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးလို့ . . . မေးတဲ့အခါ စွန်သည် နဂိုက လွတ်လွတ်လပ်လပ် ပျံရတာမဟုတ်ဘူး၊ ကြိုးအဆုံးသာ ပျံရတယ်။

နောက်ကြိုးနဲ့ ပြန်ဆွဲလိုက်တဲ့အခါကျတော့ ယောက်လုံး ခြေရင်းပဲ ပြန်ရောက်တယ် . . . (ရောက်ရပါတယ်ဘုရား) မရောက် ရဘူးလား . . . (ရောက်ရပါတယ်ဘုရား) ဘာဖြစ်လို့ ပြန်ရောက် လာပါလိမ့်မတုံးလို့ ဒကာဒကာမတွေက မေးလို့ရှိရင် ကြိုးပါသွား လို့ . . . ။

ဘယ်လိုဆိုကြမလဲ . . (ကြိုးပါသွားလို့ပါဘုရား) ဒါကြောင့် ပြန်ရစ်လိုက်တဲ့အခါကျတော့ကို ဦးဗထွေးတို့ ကြိုးခြေရင်းပြန် ရောက်ရတယ် . . . (ရောက်ရပါတယ်ဘုရား) ဘယ့်နှယ်ကြောင့် ရောက်ပါလိမ့် (ကြိုးပါလို့ပါဘုရား)။

အဲ. . . ကမ္ဘာ့ဿကတဉာဏ်ကတော့ ဒိဋ္ဌိကြိုးပါသွားတဲ့ အတွက် တက်တော့ တက်သွားတာပဲ . . . နောက်ပြန်ဆင်းလာ တယ်. . . သဘောကျပလား . . . (ကျပါပြီဘုရား)။

အစွမ်းကုန်အဆုံးတက်နိုင်ရဲ့လားလို့ မေးတော့ . . . (မတက်နိုင်ပါဘုရား) ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ကြိုးပါသွားလို့ ဒီမှာလဲ ထို့အတူ ဒိဋ္ဌိကြိုးပါတယ်. . .

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သဒ္ဓါတရားရှိ လို့ ဒီတရားနာကြတာ သဒ္ဓါတရားရှိလို့ လှူကြပေးကြတာ ကျောင်း

ဆောက်၊ ဘုရားတည်ကြတယ်၊ ရိပ်သာတွေ အမျိုးမျိုးပြုပြင်ကြတယ်၊ သစ္စာမြင်ပြီး လုပ်လိုက်ပါဆိုတော့ သစ္စာနုလောမိက ဉာဏ်နဲ့ လှူလိုက်-တန်းလိုက်-ပေးလိုက်-ကမ်းလိုက်၊ ဒုက္ခသစ္စာကြီး ကျွတ်ခြင်း-လွတ်ခြင်းကို အလိုရှိ၍ လှူဒါန်းပါ၏လို့ ဆိုတော့ ဒကာဒကာမတို့ သစ္စာမြင်တဲ့ပုဂ္ဂိုလ်ကတော့ ဒိဋ္ဌိကပ်သေးရဲ့လား . . . (မကပ်ပါဘုရား)။

ဖြစ်ပျက်ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ) အဲဒီဒုက္ခဝဋ်ကြီးမှဘယ်နေရာမှ တပည့်တော် ဖြစ်ခြင်း, ပျက်ခြင်းကို အလိုမရှိပါဘူး၊ ဖြစ်မှုပျက်မှုဆိုတဲ့ သင်္ခါရသိမ်းတဲ့ အသင်္ခတနိဗ္ဗာန်ကိုသာ တပည့်တော် အလိုရှိ၍ လှူပါ၏, တန်းပါ၏, ပေးပါ၏, ကမ်းပါ၏ဆိုလို့ရှိရင်ဖြင့် စွန့်လွှတ်လိုက်တဲ့အခါ အစွမ်းကုန် တက်သလိုပေါ့ဗျာ ကြိုးတဆုံးလောက်သာ စာက်ရတဲ့အမိပ္ပါယ်မျိုး ရသေးရဲ့လား . . . (မရပါဘုရား)။

အဲဒီလို နိဗ္ဗာန်ကျအောင်လဲ ဒကာဒကာမတွေ သစ္စာနုလောမိကဉာဏ်နဲ့ လှူကြ, တန်းကြ, ပေးကြ, ကမ်းကြလို့ရှိရင်ဖြင့် နိဗ္ဗာန်တိုင်ရောက်ပါတယ်။

ကမ္မဿကတဉာဏ်လောက်နဲ့ဆိုရင်ဖြင့် ကြိုးတဆုံးလောက် တက်ပါလိမ့်မယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်ဉာဏ်အရေးကြီးပါလိမ့် . . . (သစ္စာနုလောမိကဉာဏ် အရေးကြီးပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



ဒါဖြင့် သစ္စာနုလောမိကဉာဏ် အရေးကြီးတယ် ဆိုတော့ကို ဝိပဿနာရှုပြီးမှ လျှုရ, တန်းရ, ပေးရ, ကမ်းရတယ်။

ဝိပဿနာရှုပြီးမှ . . . (လှူရ, တန်းရ, ပေးရ, ကမ်းရ ရပါတယ်) ဝိပဿနာမပါပဲနဲ့ ရှေ့ဟာယ်, အင့်ဟာယ်ဆိုတဲ့ အသွားမျိုး သည် ဒကာဒကာမတို့ ကမ္မဿကတဉာဏ်မှာ တင်နေတယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘာပဲလှူလှူ, ဘာပဲတန်းတန်း ခန္ဓာကိုယ်ဉာဏ် ရောက်ပြီး ခန္ဓာကိုယ်ဒုက္ခသစ္စာ။

ဒီဒုက္ခသစ္စာကြီးမှ ကျွတ်ခြင်းကို တပည့်တော်ကိုယ်တိုင် မြင်သည်ဖြစ်၍ ဒါမှလွတ်လိုသောကြောင့် လှူပါ၏, တန်းပါ၏ ပေးပါ၏, ကမ်းပါ၏ဆိုရင် ဦးမာဒင် ဘယ်လောက်ပဲ လုပ်လုပ် . . . သာသနာတွင်း အလှူဖြစ်သွားတယ် ဉာဏ်တက်မလာဘူးလား . . . (လာပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဿကတ သမ္မာဒိဋ္ဌိ၊ သစ္စာနုလောမိက သမ္မာ ဒိဋ္ဌိနှစ်ခုရှိရာတို့တွင် သစ္စာနုလောမိက သမ္မာဒိဋ္ဌိဆိုတော့ ဒကာ ဒကာမတို့က ဝိပဿနာခြံရံတာကို သစ္စာနုလောမိက သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်။

ဒီအလုပ်နဲ့လုပ်ပြီးသကာလ လုပ်လဲလုပ်ပါ၊ မြင်ပြီးသကာလ လဲ လှူကြ, တန်းကြ, ပေးကြ, ကမ်းကြပါဆိုတာကို လေးနက်စွာနဲ့

တိုက်တွန်းပါတယ် (မှန်ပါ) ဒီအတိုင်း . . . ရော့အင့်ဖြင့် မလုပ်လိုက်ပါနဲ့။

ဒါဖြင့် ခန္ဓာကိုယ်ဖြစ်ပျက်မြင်ပြီးမှ လုပ်ကြပါ. . . ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်ကြမလဲ . . (ခန္ဓာကိုယ် ဖြစ်ပျက်မြင်ပြီးမှ လုပ်ရပါမယ်ဘုရား)။

ဖြစ်ပျက်မြင်တော့ကို သစ္စာမြင်တဲ့ဉာဏ်က မရဘူးလား (ရပါတယ်) ပြီးတော့မှ ဟောဒီဒုက္ခဝဋ်မှ တပည့်တော်တို့ ကျွတ်ခြင်း, လွတ်ခြင်းကို အလိုရှိလို့ လှူပါတယ်, တန်းပါတယ် ပေးပါတယ်, ကမ်းပါတယ်ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ပဲ အကျိုးပေးချမယ် သံသရာထဲ လာသေးရဲ့လား . . . (မလာပါ) ဘယ့်နှယ်ကြောင့်ဆိုသော် ဒိဋ္ဌိကွာပြီးသားဖြစ်လို့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့် . . . (ဒိဋ္ဌိကွာပြီးသားဖြစ်လို့ပါ) ဒိဋ္ဌိကလဲ ဖြစ်ပျက်မြင်ကတည်းက ငါ-ငါ့ဥစ္စာမဟုတ်တော့ဘူး . . . (မဟုတ်ပါ) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အခုနေ့တိုင်း ဆရာဘုန်းကြီးက အဖြစ်အပျက်ကို မြင်အောင်ကြည့်ပါ၊ အဖြစ်အပျက်တော့ မြင်အောင်ကြည့်ပါဆိုတာ သစ္စာနုလောမိကဉာဏ် ပေးနေတယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာနုလောမိကဉာဏ် ပေးပြီးလို့ရှိရင်ဖြင့် ဒကာ

ဒကာမတို့ သစ္စာဉာဏ်တက်ဖို့ရာ ဦးမာဒင် အနီးကလေးကျန် တော့တယ် ။

## သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်

ဖြစ်ပျက်မြင်ကတည်းက ဘယ်ဉာဏ်ရသတုံး . . . (သစ္စာ နုလောမိကဉာဏ် ရပါတယ်) ၎င်းဖြစ်ပျက်သည်ကားလို့ ဆိုရင်ဖြင့် ဒုက္ခသစ္စာမှတစ်ပါး ဘာမှမဟုတ်တော့ဘူး၊ ဒုက္ခသစ္စာအစစ်ပဲဆိုရင် သစ္စဉာဏ်ရပစ်လိုက်တယ်။

နောက်ကျတော့ သူ-နှိပ်စက်နေတာပဲ . . .။ ခန္ဓာကြီး နှိပ်စက်နေတာပဲဆိုပြီး ကြည့်လိုက် ကိစ္စဉာဏ်ရတယ် . . .။

နှိပ်စက်မှုဖြင့် လိုပဲမလိုချင်တော့ပါဘူး ဆိုရင်ဖြင့် ကတ ဉာဏ်ရတာပဲ (မှန်ပါ့ဘုရား)။

ဒါ ဓမ္မစကြာမှာလဲ ဒီအတိုင်းလာပါတယ် ဒါနားကြီးကြီးနဲ့ ထောင်လိုက်မှ ဦးမာဒင် အရေးကြီးမှန်းသိတယ် သဘောပါကြ ပလား . . . (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ လျှာတတ်၊ တန်းတတ်၊ ပေးတတ်၊ ကမ်းတတ်ပလားလို့ ယနေ့ မေးလိုက်တယ် . . . (လျှာတတ်၊ တန်းတတ်၊ ပေးတတ်၊ ကမ်းတတ်ပါပြီဘုရား) ဘယ်လို လုပ်ပြီး သကာလ လှူကြမှာတုံး . . . (ဖြစ်ပျက်ရှုပြီး လှူရပါမယ် ဘုရား)။

အဲ . . ခန္ဓာကိုယ် ဖြစ်ပျက်ရှုပါ . . ရှုပြီးသကာလ အဲဒီ

ဖြစ်ပျက်တွေမြင်ပြီးမှ ဒီဖြစ်ပျက်တွေ ဒုက္ခဝင်္ဋမှ ကျွတ်လိုလို့ လှူပါ၏၊ ဒီလိုပြောင်းပစ်ကြ . . . မပြောင်းရင် မတော်ဘူးနော် . . . မပြောင်းရင် ဒိဋ္ဌိကပ်နေတယ် သဘောပါပလား . . . (ပါ ပါပြီဘုရား)။

အဲဒါကြောင့် အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်မှာလဲ အလှူရှစ်မျိုးရှိတယ်ကွာတဲ့ . . . အလှူရှစ်မျိုးရှိတဲ့ဥစ္စာ ငါခွဲခြမ်းဝေဖန်ပြီးသကာလ ပြပါမယ်ဆိုပြီး ရှစ်မျိုးကို ခွဲပြလိုက်တော့ နောက်ဆုံးပိတ်သူ-ပြောလိုက်တယ် . . .၊ ဝိပဿနာ ခြံရံတဲ့ဒါနမှ အမြတ်ဆုံးဟေ့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်ဟာ ခြံရံတဲ့ ဒါနတဲ့လဲ . . . (ဝိပဿနာခြံရံတဲ့ ဒါနဟာ အမြတ်ဆုံးပါဘုရား)။

## ဒါနရှစ်မျိုးထဲက အမြတ်ဆုံးဒါန

ဒါဖြင့် ဖြစ်ပျက်မြင်ပြီးသကာလ ဒီဖြစ်ပျက်တွေ ကျွတ်ခြင်းလွတ်ခြင်းကို အလိုရှိ၍ လှူပါ၏, တန်းပါ၏, ပေးပါ၏, ကမ်းပါ၏ ဆိုတော့မှ ဒကာဒကာမတို့ ဒါနရှစ်မျိုးထဲက အမြတ်ဆုံးဒါနဟာ ဝိပဿနာခြံရံတဲ့ဒါန အမြတ်ဆုံးဆိုတော့ သာသနာတွင်း အလှူလဲ ဖြစ်အောင်လို့ ယနေ့သတိပေးပါတယ်။

ဒါဖြင့် ဘုန်းကြီး နေ့တိုင်းဟောနေတော့ ဒကာဒကာမတွေ ခန္ဓာဉာဏ်စိုက်ကြ ခန္ဓာဉာဏ်စိုက်ကြဆိုတော့ ဘာမြင်အောင် အကြည့်ခိုင်းနေတာတုံး . . . (ဖြစ်ပျက်မြင်အောင် အကြည့်ခိုင်း

http://www.thitsarparamisociety.com/



နေတာပါ) အဲဒါ သစ္စာနုလောမိကဉာဏ် ပေးနေတာ (မှန်ပါ့ဘုရား)။

ဘာပေးနေတာတုံး . . . (သစ္စာနုလောမိကဉာဏ် ပေးနေတာပါဘုရား) သစ္စာနုလောမိကဉာဏ် ပေးနေတယ်၊ သစ္စာက သစ္စာ၊ အနုလောမိက, က လျော်တာ၊ သစ္စာနဲ့လျော်တဲ့ ဉာဏ်ပေးနေတာလို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့ ဦးဗထွေးတို့ မှတ်ရမယ်။

## ဗုဒ္ဓဘာသာတိုင်း သိထားရမည့် အလုပ်

ဒကာကြွယ် ဒီဥစ္စာက ကျုပ်တို့ ခင်ဗျားတို့ သိထားရမည့် အလုပ်နော် ဗုဒ္ဓဘာသာမှန်က ဦးမာဒင် သိထားရမည့်အလုပ် ရှင်းပလား . . . (ရှင်းပါပြီ)။

ဗုဒ္ဓဘာသာမှန်က မလှူပဲ မပေးပဲ မကမ်းပဲလဲ မနေနိုင်ဘူး (မနေနိုင်ပါဘုရား)။

သို့သော် လှူတိုင်း, ပေးတိုင်း, ကမ်းတိုင်းလဲ ဒိဋ္ဌိကပါနေမယ်ဆိုလို့ရှိရင်လဲ လှူကျိုး, ပေးကျိုးဟာ ပေးသင့်သလောက် မပေးတာပေါ့ဗျာ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီတော့ သစ္စာနုလောမိကဉာဏ်ကလေး အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်မှာလာတဲ့ ဝိပဿနာခြံရံတဲ့ ဒါနကလေး ဒီလိုလုပ်လိုက်မှသာလျှင် . . . တဲ့၊ နိဗ္ဗာန်အပြီးတိုင် ရောက်ပါတယ်။

ဒါ့ကြောင့် ခန္ဓာကိုယ်ဖြစ်ပျက်မြင်ပြီးသကာလ ဒီဖြစ်ပျက် ဒုက္ခသစ္စာကြီးမှ လွတ်ရေး, ကျွတ်ရေးကို အလိုရှိ၍ လှူပါ၏။

http://www.thitsarparamisociety.com/



တန်းပါ၏- ဆိုလို့ရှိရင် ဒကာကြွယ် ခရီးပေါက်ပြီ . . . သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီအလုပ်ဖြင့် ဘာကလေးလုပ်လုပ် သစ္စာနုလောမိကဉာဏ်နဲ့ ဒကာဒကာမတွေ ခန္ဓာကြည့်ပြီး သကာလမှ ပေးကမ်းခြင်း, လှူဒါန်းခြင်းအလုပ် လုပ်ရလိမ့်မယ် ဦးမာဒင် အရမ်းလုပ်လို့ မဖြစ်ဘူး . . . (မဖြစ်ပါဘုရား)။

အရမ်းလုပ်တော့ အရမ်းအကျိုးပေးလိမ့်မယ် အမှန်လုပ်တော့ အမှန်ခရီးပေါက်လိမ့်မယ် မကွာဘူးလား . . . (ကွာပါတယ်ဘုရား) အေး . . . ဒါ့ကြောင့်ပြင်ဖို့ ဆင်ဖို့ကလေး ရှေ့ပိုင်းက ပြောလိုက်ပါတယ်။

ကိုင်း . . ဒါဖြင့် ဒကာဒကာမတို့ မနေ့က အလုပ်ခွင်ဆီ ခွက်ဥပမာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး မဟာဝဂ္ဂသံယုတ်မှာ ပြလို့ **ဆီမဖိတ်အောင်** ကြည့်ပါဆိုတာလဲ ခင်ဗျားတို့ ကျေနပ်လောက်ပါပြီ။

ဆီမဖိတ်ရင် ပဋိစ္စသမုပ္ပါဒ်ပြတ်ပါတယ် ဖိတ်သည်နဲ့တစ်ပြိုင်နက်တည်း ပဋိစ္စသမုပ္ပါဒ်လာပါတယ် လာသည်နဲ့တစ်ပြိုင်နက်တည်း သံသရာ့ခရီးမှာ အိုဘေးနာဘေး သေဘေးတွေနဲ့ တွေ့ရပါတယ်။

ဒါ့ကြောင့် ဆီမဖိတ်တဲ့ နည်းသည်ကား . . . လို့ ဆိုရင်ဖြင့် စိတ်ရှုတဲ့ပုဂ္ဂိုလ် စိတ်ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လုပ်ပါ . . . ဝေဒနာရှုတဲ့ပုဂ္ဂိုလ် ဝေဒနာဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင်လုပ်ပါ ဒါဆိုလို့ရှိရင်ဖြင့် **ဆီဖိတ်တယ်လို့** ဆိုလို့ ရရဲ့လား . . (မရပါဘုရား)။

http://www.thitsarparamisociety.com/



အဲ. . . မရလို့ရှိရင်ဖြင့် နောင်တစ်ခါ အိုပွဲ-နာပွဲ သေပွဲ ဆိုတဲ့နောက်က ပဋိစ္စသမုပ္ပါဒ်က သတ်မလို့ ဖြတ်မလို့ လိုက်လာတာတွေဟာ ရသေးရဲ့လား . . . (မရပါဘုရား) ကဲ. . . ဦးမာဒင်တို့ ဦးသန်း မောင်တို့ ကျေးဇူးများပြီ . . . (များပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် စူဠတဏှာသင်္ခယသုတ်ဆိုတဲ့ တစ်နေ့က ဖြတ်ထားခဲ့တဲ့ဥစ္စာ ဒကာသစ် ပြန်ဆက်ရအောင်နော်။

သိကြားမင်းကြီး တာဝတိံသာနတ်ပြည်မှာ ဥယျာဉ်တော်သို့ ထွက်ပြီးသကာလ လာတဲ့အခါမှာ ဖျတ်ခနဲဆို စိတ်ကူးကလေး တစ်ခု ပေါ်လာတယ်။

## သိကြားမင်း၏ဆန္ဒ

တဏှာအမြန်ကုန်တာသည် ဘယ်နည်းပါလိမ့်မလဲ၊ တဏှာအမြန်ကုန်တဲ့နည်း ရလို့ရှိရင်ဖြင့် ငါသည် တဏှာနိရောဓော နိဗ္ဗာန် ဆိုတဲ့အတိုင်း နိဗ္ဗာန်ရောက်မှာပဲ။

အဲဒီတော့ တဏှာအမြန်ကုန်တဲ့နည်း ဘယ်နည်းပါလိမ့် မတုံးဆိုတာတော့ စိတ်ထဲမှာ မေးစရာတော့ ပေါ်လာတယ်။

ဒီဟာ ဥယျာဉ်ထဲမှာသွားပြီး ပျော်ပါးလိုက်လို့ရှိရင် ဒီမေးချင်တဲ့ဟာကလေးတောင် ပျောက်သွားမယ်၊ အဖြေထားပါဦး၊ အတွေးလုံးကလေးတောင် ပျောက်သွားမှာ စိုးရတယ်။

တဏှာကို ဘယ်လိုအမြန်ကုန်စေနိုင်ပါလိမ့်မလဲ၊ ဘယ်ဘုရားသည် ကုန်စေနိုင်လိမ့်မလဲ . . . ဆိုတဲ့ မေးချင်လုံးကလေး

http://www.thitsarparamisociety.com/



တောင် ပျောက်သွားမှာ စိုးတဲ့အတွက် ခုနင်က ကပွဲ ပြပွဲတွေနဲ့ ဥယျာဉ်ထွက်လာတာတွေကို ရပ်ဆိုင်းပြီးသကာလ ဒကာသစ် လူ့ပြည် ပုဗ္ဗာရုံကျောင်းသို့ ဆင်းလာတယ်။

ဆင်းလာပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို မေးတဲ့အခါ တဏှာအမြန်ကုန်တဲ့နည်း ဘယ်နည်းပါလဲဘုရား၊ တဏှာအမြန်ကုန်တဲ့နည်း တပည့်တော်အား အမိန့်ရှိပါလို့ဆိုတော့ အို . . . ဒီလိုကွ၊ တဏှာကုန်တဲ့နည်းသည်ကားလို့ဆိုရင် . . . တဲ့၊ သူမေးပုံကလေးလဲ သိပ်ကောင်းပါတယ်။

မေးပုံကလေးက တဏှာကုန်တယ်ဆိုတာ တခြားမဟုတ်ပါဘူး . . . တဲ့၊ ဖြစ်ခြင်း-ပျက်ခြင်းကို လွန်တဲ့တရား . . . ဖြစ်ခြင်း - ပျက်ခြင်း အဆုံးလွန်တဲ့တရားဆိုတာ ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်ပဲ . . . (မှန်ပါ့)။

အဲဒီ ဖြစ်ခြင်း-ပျက်ခြင်း အဆုံးကို လွန်တဲ့တရား အဲဒီမြတ်သောတရားအကျင့်ကို . . . တဲ့၊ လူ-နတ်ဗြဟ္မာ သတ္တဝါတို့ထက် အင်မတန်မြတ်တဲ့ နိဗ္ဗာန်ကို တပည့်တော် ဘယ်လိုရအောင် အားထုတ်ရပါ့မလဲ . . . တဲ့။

မေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကွာ-တဲ့၊ ခန္ဓာပေါ်၌လည်း ဖြစ်ပျက်မြင်ပြီးတော့ မစွဲလမ်းနဲ့တဲ့ . . . (မှန်ပါ့)။ အာယတန ပေါ်၌လည်း (ဖြစ်ပျက်မြင်ပြီး မစွဲလမ်းပါနဲ့) အဲ . . . ဖြစ်ပျက်မြင်အောင် ကြိုးစား၊ စွဲလမ်းတဲ့တရား မလာတော့ဘူး။

http://www.thitsarparamisociety.com/



## ❋ဝေဒနာသုံးပါး လှည့်ပြီးအားထုတ်ပါ

ကဲ ကွာ. . . တဲ့ မင်းသည်ကားလို့ဆိုရင် တိုတိုအားထုတ်ချင်ရင်တော့ဖြင့် ဝေဒနာသုံးပါး လှည့်ပြီးသကာလ အားထုတ်။

တစ်နေ့က ပြောပြီးပြီနော် . . . (မှန်ပါ့ - ပြောပြီးပါပြီဘုရား) ဝေဒနာသုံးပါး လှည့်ပြီးသကာလ မင်းသည်ကား . . . လို့ဆိုရင် ဖြစ်ပျက်မြင်အောင် အားထုတ်ပါဆိုတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ မနာဘူးသေးတဲ့ ပုဂ္ဂိုလ်တွေအတွက် ဝေဒနာကိုရှင်းပြပါဦးမယ်။

ဒကာသစ် ဒီဥစ္စာနားမလည်တဲ့ ပုဂ္ဂိုလ်တွေ အတွက်မှာရှင်းရပြန်တယ်နော်. . . မျက်လုံးမြင်ကာမတ္တ ဥပေက္ခာဝေဒနာ။

မျက်လုံးက ဖွင့်လိုက်လို့ မြင်ရင်-မြင်ခြင်းကလေးဟာဘာဝေဒနာနဲ့ မြင်တာတုံး . . . (ဥပေက္ခာဝေဒနာနဲ့ မြင်ပါတယ်ဘုရား) နားက 'ဖျတ်' ခနဲကြားကာမျှ မတ္တကလေး . . . (ဥပေက္ခာဝေဒနာပါဘုရား) အဲဒီ ဝေဒနာကလေး သိထားမှ သူ့ကို ဖြစ်ပျက်ရှုတတ်မှာ . . . ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

နှာခေါင်းက နံကာမျှ မတ္တကလေးဟာ (ဥပေက္ခာဝေဒနာပါဘုရား) ဥပေက္ခာလို့မှတ်၊ ဥပေက္ခာသုံးမျိုးရှိသွားပြီ လျှာပေါ်မှာ အစာအာဟာရ ရောက်ကာမျှ မတ္တကလေးဟာ ဘာတုံး . . . (ဥပေက္ခာ ဝေဒနာပါဘုရား)။

အဲ . . . ဥက္ခောဝေဒနာလို့ မှတ်ထားနော် . . . ဩော်

http://www.thitsarparamisociety.com/

- ဥပေက္ခာက လေးနေရာ ပေါ်နိုင်သကိုး . . . သဘောကျပလား (ကျပါပြီဘုရား)။

တစ်ခါ သုခနဲ့ သောမနဿကလေးလည်း မှတ်လိုက်စမ်းပါဦး၊ ကိုယ်ပေါ်မှာကျတော့ ဒကာဒကာမတို့ အခုလို ပန်ကာလေကလေး ဘာကလေးထိတဲ့အခါ ထိတဲ့နေရာ သုခဝေဒနာပေါ်တယ် . . . 'ဖျတ်' ဆို ပန်ကာလေကလေး ရပ်သွားရင် ဒုက္ခဝေဒနာပြန်ပေါ်တယ်။

ဩော်. . . ကိုယ်ပေါ်မှာတော့ သုခ-ဒုက္ခဝေဒနာလို့ မှတ်လိုက်ပါ၊ သဘောကျပလား . . . (ကျပါပြီ)။

ဝမ်းထဲမှာတော့ သောမနဿ, ဒေါမနဿ - ဥပေက္ခာ တစ်ခါတလေ ဝမ်းသာစရာ ရွှေကလေး - ငွေကလေးရရင် သောမနဿ. . . သဘောကျပလား . . . (ကျပါပြီ)။

ရွှေကလေး-ငွေကလေးရရင် (သောမနဿပါ) မရတဲ့ အခါ . . . (ဒေါမနဿပါဘုရား) ဩော်-ကျုပ်တို့တော့ဖြင့် ရရ-မရရ မထူးပါဘူးဆိုတဲ့ စိတ်ကလေးပေါ်တဲ့အခါ ဝမ်းထဲမှာ ဥပေက္ခာပေါ်တယ်။

ဝမ်းထဲမှာ ဘာပေါ်ပါလိမ့် . . . (ဥပေက္ခာပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ပြင်ဘက်မှာဖြင့် မျက်လုံးထဲ ဥပေက္ခာမျက်လုံးထဲ ပေါ်လေသရွေ့ ဥပေက္ခာ၊ နားက ကြားကာမျှ -

http://www.thitsarparamisociety.com/



မတ္တ. . . (ဥပေက္ခာဘုရား) နှာခေါင်း-နံကာမျှမတ္တ (ဥပေက္ခာပါဘုရား) လျှာ, က-စားကာမျှမတ္တ (ဥပေက္ခာဝေဒနာပါဘုရား)။

ကိုယ်ပေါ်မှာကျတော့ ဆင်းရဲရင် . . . (ဒုက္ခဝေဒနာပါ) ချမ်းသာရင် . . . (သုခဝေဒနာပါ) ဝမ်းထဲကျတော့ သောမနဿ, ဒေါမနဿ, ဥပေက္ခာ၊ ဒါပဲ ဒကာဒကာမတို့ . . . (မှန်ပါ့)။

အဲဒီတော့ သူသည် ၉-ခုပဲရှိတယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ဒီ ၉-ခုကို ဒကာဒကာမတွေ ပေါ်တိုင်းပေါ်တိုင်း လိုက်ပေးပါ။

ပေါ်တိုင်း-ပေါ်တိုင်း မဂ္ဂင်ငါးပါးနဲ့ ဖြစ်ပျက်ရှုပေးပါ အလုပ်သင်နေတယ်လို့သာ မှတ်လိုက်ပါ။

ပေါ်တိုင်း-ပေါ်တိုင်း ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုပေးရပါမယ်) ဖြစ်ပျက်ရှုပေး၊ မလစ်စေနဲ့နော်။

အဲ . . . ဒီကဲ့သို့ ဖြစ်ပျက်ရှုဆိုတာ အနိစ္စ ရှုတာပဲ. . . အနိစ္စရှုလို့ရှိရင် ရာဂကင်းသွားတယ် . . . (မှန်ပါ့) ချုပ်တာလဲမြင်သွားတာပဲ။

ဒါကြောင့် အနိစ္စာနုပဿီလဲ ဖြစ်တာပဲ ဝိရာဂါနုပဿီလဲဖြစ်တာပဲ ချုပ်တာကို မြင်သဖြင့် နိရောဓါနုပဿီ ချုပ်တာကို ရှုတဲ့ပုဂ္ဂိုလ်လဲဖြစ်တာပဲ ပဋိနိဿဂ္ဂါနုပဿီတဲ့ တဖန် ချုပ်တာကိုလဲမြင်တာပဲ။

အဲ. . . ဒီကဲ့သို့မြင်ပြီး ဒီလိုရှုလို့ရှိရင် သိကြားမင်း . . . အသင်သည်ကားလို့ဆိုရင် တဏှာအမြန်ကုန်ပါလိမ့်မယ်။

ဝေဒနာ အခုပြောခဲ့တဲ့ ၉-မျိုးကို ဒကာဒကာမတွေ ပေါ်ရာ

http://www.thitsarparamisociety.com/

လျှောက်ရှုနေမယ်ဆိုရင် တဏှာအမြန်ကုန်ပါတယ်ကွတဲ့ . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီနေရာမှာ ဘုန်းကြီးက ရှင်းပေးချင်တာကတဲ့ အဋ္ဌကထာဆရာက ရှင်းမပေးရင် မကောင်းဘူး ဆိုပြီးတော့ ဒကာ ဒကာမတွေ ရှင်းပေးတယ်နော်။

ရှုစရာ ၉-မျိုးရှိတယ်လို့ မှတ်လိုက်ပေ့၊ ရှုစရာ ဘယ်နှစ်မျိုး ပါလိမ့် . . . (၉-မျိုးပါဘုရား)။

အဲ. . . ရှုစရာ ၉-မျိုးဟာလဲ ၉-မျိုးစလုံး ပေါ်သလား တစ်ခု တစ်ခုစီ ပေါ်သလား . . . (တစ်ခု-တစ်ခုစီ ပေါ်ပါတယ်ဘုရား)။

တစ်ခု-တစ်ခုစီပဲ ပေါ်တာကို ဒကာဒကာမတို့ ဒါက . . . ဥပမာ သုခဝေဒနာ ကိုယ်ပေါ်မှာပေါ်တယ် ထားလိုက်ပါတော့ . . . (မှန်ပါ့ဘုရား) ကိုယ်ပေါ်မှာ လေကလေး တိုက်တော့ ချမ်းသာ လုံးကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

အဲ. . . ဒီပေါ်တဲ့ သုခဝေဒနာ ကလေးကိုလဲ ဒကာဒကာမ တွေက ဖြစ်ပြီးပျက်တဲ့ ဓမ္မကလေးလို့ ရှုလိုက်၊ မရှုရဘူးလား . . . (ရှုရပါတယ်ဘုရား)။

ရှုလိုက်တော့ကို ဒကာဒကာမတွေ သိတဲ့အတိုင်း သုခ ဝေဒနာပစ္စယော တဏှာလာသေးရဲ့လား . . . (မလာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝိပဿနာက အလယ်ကနေတယ် . . . ဝိပဿနာဉာဏ်က အလယ်ကနေတယ်၊ ရှုစရာက ရှေ့က . . . (မှန်ပါ့) ကုန်စရာက နောက်က ဒီက တဏှာ, ဥပါဒါန်, ကံတွေ ထားပါတော့ဗျာ. . . သဘောကျပြီ . . . (ကျပါပြီ)။

http://www.thitsarparamisociety.com/



ကဲ. . . ရှေ့ပိုင်းမှာ သုခဝေဒနာကလေး ကိုယ်ပေါ်မှာ ပေါ်နေတယ်၊ ဒကာဒကာမတွေက ဩော်. . . ဒီဝေဒနာ ကလေး ဟာလဲ ရေပွက်ပမာပဲ ဖြစ်ပြီး ပျက်သွားတာပဲလို့ ရှုလိုက်ပြီဗျာ။

ရှုလိုက်တော့ ဝေဒနာက္ခန္ဓာရှိသေးရဲ့လား . . . (မရှိပါဘုရား) ရှေ့ကဝေဒနာက္ခန္ဓာ မရှိဘူး၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ရှေ့က ဝေဒနာက္ခန္ဓာမရှိတဲ့အပြင် နောက်က တဏှာ, ဥပါဒါန်, ကံတွေကော . . . (မရှိပါဘုရား)။

ဩော် . . . ဝိပဿနာ အလုပ်သည် ဒကာဒကာမတို့ ရှေ့က ခန္ဓာကိုလဲ ချုပ်စေတယ် နောက်ကတဏှာ ဥပါဒါန်ကံတွေ လဲ . . . (ချုပ်စေပါတယ်ဘုရား)။

ဩော် . . . ဝိပဿနာ ကျေးဇူးဟာ ဦးမာဒင် တယ်များ ပါလား . . . (များပါတယ်ဘုရား)။

ဒကာကြွယ် . . . ဒီသဘောကလေး မှတ်စမ်းပါ၊ ဝိပဿ နာရှုတဲ့ ပုဂ္ဂိုလ်များမှာ ဝေဒနာပေါ်တာ ရှုနေလို့ရှိရင် သုခ ဝေဒနာပေါ်တာ ရှုနေလို့ရှိရင် ရှေ့ကခန္ဓာ ရှိသေးရဲ့လား . . . (မရှိပါဘုရား) ခန္ဓာပျောက်သွားပြီ. . . ဝေဒနာက္ခန္ဓာပျောက် သွားပြီ။

ရှေ့က ခန္ဓာကိုလဲ စွန့်ပြီးသား ဖြစ်တယ် . . . ရှုနေတဲ့ မဂ်သည် ဒကာဒကာမတို့ နောက်ကတဏှာ, ဥပါဒါန်တို့ကော . . . (ချုပ်ပါတယ်) ချုပ်ပျောက်သွားတော့ သူတို့ကိုလဲ စွန့်ပြီးသား ဖြစ်တယ်။

အင်း. . . http://www.thitsarparamisociety.com/ တယ်နှစ်ခု လုပ်သတုံးလို့ မေးလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်စရာက ခန္ဓာစွန့် တဏှာစွန့်ပါဘုရား။

ဝိပဿနာအလုပ်-လုပ်နေတဲ့ အခိုက်အတန့်မှာ . . . (ခန္ဓာစွန့် တဏှာစွန့်ပါဘုရား) ရှေ့က . . . (ခန္ဓာစွန့်ပါတယ်) နောက်က (တဏှာစွန့်ပါတယ်)။

ဩော်-တစ်ခါ ဖြစ်ပျက်မြင်လိုက်တာ ဒကာဒကာမတို့ ခန္ဓာကုန် တဏှာကုန်သွားတယ်။

ဘာကုန်သွားပါလိမ့် . . . (ခန္ဓာကုန် တဏှာကုန်သွားပါတယ်ဘုရား)။

လုပ်ကြစမ်းပါ ဒါ့ကြောင့်ရှေ့က ခန္ဓာ, ဒုက္ခသစ္စာလဲကုန်တယ် . . . (မှန်ပါ့ဘုရား) နောက်က တဏှာ ဥပါဒါန်တွေလဲ . . . (ကုန်ပါတယ်ဘုရား)။

ဩော် . . . ဝိပဿနာကျေးဇူး ဦးမာဒင် တယ်များပါလား (များပါတယ်ဘုရား)။

ဝိပဿနာသည် ဒကာဒကာမတို့ အလယ်ကနေပြီး သကာလ ထမ်းပိုးနဲ့ ထမ်းတော့ တောင်းနှစ်လုံးထဲ ပစ္စည်းထည့် အလယ်ကနေ ထမ်းလိုက်တဲ့အခါ နှစ်လုံးစလုံး ဝန်တွေကို ထမ်းတဲ့လူက ရွက်ဆောင်သလို။

ဝိပဿနာဉာဏ်သည် ဒကာဒကာမတို့အား အကျိုးနှစ်ခု သယ်ပိုး ရွက်ဆောင်ပါတယ်လို့ မှတ်လိုက်စမ်းပါ။

အကျိုးနှစ်ခု သယ်ပိုးရွက်ဆောင်တယ်ဆိုတာ တခြား

http://www.thitsarparamisociety.com/



မဟုတ်ပါဘူး ခင်ဗျားတို့ခန္ဓာကိုလဲ စွန့်ပါတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) နောက်ကလာမည့် တဏှာတွေလဲ စွန့်ပါတယ် . . . (စွန့်ပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် ဘာစွန့်ပါလိမ့် . . . (ခန္ဓာနဲ့ တဏှာ စွန့်ပါတယ်ဘုရား) ခန္ဓာစွန့်-တဏှာစွန့်။

ဩော် . . . ဒါဖြင့် ဝိပဿနာ လုပ်နေတဲ့ အခိုက်အတန့်မှာ ဒကာကြွယ် ခန္ဓာလဲပျောက် . . . (ပျောက်ပါတယ်ဘုရား) နောက်က တဏှာတွေကော. . . (ပျောက်ပါတယ်ဘုရား)။

အင်း . . . တဏှာတွေလဲ ပျောက်နေတော့ ဒကာဒကာမတွေ ရှေ့ကဒုက္ခသစ္စာလဲ ပျောက်-နောက်က သမုဒယသစ္စာလဲ ပျောက်။

## ဉာဏ်ကလေးနဲ့ အသက်ရှင်နေတယ်

ထိုကဲ့သို့ပျောက်ပြီးသကာလ နေတော့ကိုယ့်မှာ ဉာဏ်ကလေးနဲ့ အသက်ရှင်နေတယ်၊ ဟောဒီဉာဏ်ကလေးနဲ့ အသက်ရှင်နေတယ် . . . (မှန်ပါ့ဘုရား) အလယ်မှာ ဉာဏ်ကလေးကိုးဗျ။

ဒီဘက်ခန္ဓာလဲ ပျောက်သွားပြီ . . . (ပျောက်သွားပါပြီဘုရား) ဒီဘက်တဏှာကကော . . . (ပျောက်သွားပါပြီဘုရား) အင်း . . . ဉာဏ်နဲ့အသက်ရှင်နေတယ် သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

http://www.thitsarparamisociety.com/

ဘာနဲ့အသက်ရှင်နေသလဲ . . . (ဉာဏ်နဲ့ အသက်ရှင်နေပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သတိပေးရတယ်၊ မဂ်-ဖိုလ်ရအောင်လဲ ဘုန်းကြီးများဟောမှာပဲ . . . (မှန်ပါ့) ခင်ဗျားတို့လဲ မရ-ရအောင် အားထုတ်ပါ၊ အကယ်၍ အကြောင်းမညီညွတ်လို့ရှိရင်လဲ ခန္ဓာကိုယ်ရှုပြီးတော့ကို သေပါ။

ခန္ဓာဖြစ်ပျက်ရှုပြီးတော့ . . . (သေရမှာပါ) သေတဲ့အခါကျတော့ကိုတဲ့ ဒီခန္ဓာကစွန့်ပြီးသား ဒီတဏှာကော . . . (စွန့်ပြီးသားပါဘုရား)။

စွန့်ပြီးသားဖြစ်တဲ့အတွက် တဏှာရှိမှ ဥပါဒါန်၊ ဥပါဒါန်ရှိမှ ကမ္မဘဝ၊ ကမ္မဘဝရှိမှ နောက်ဇာတိလာမှာကိုးဗျ . . ။

အဲဒီတော့ ဒီလိုရှုပြီး သေသွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒကာဒကာမတို့ ရှုရင်းမတ္တနဲ့ပဲ အရိယာဖြစ်ပြီး နောက်ခန္ဓာလာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)။

## ဝိပဿနာရှုသားဝတဲ့ပုဂ္ဂိုလ်

ဒါ့ကြောင့် ဝိပဿနာရှုသားဝတဲ့ပုဂ္ဂိုလ်ဟာ သေခါနီးမှတောင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်သေးတယ် . . . ဘုရားက သေသေချာချာ ဟောထားတယ် . . . (ဟောပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



အဲဒီတော့ ဒကာဒကာမတို့ တပည့်တော်တို့ ဝေဒနာများ ပြင်းထန်လာတဲ့အခါ ဘာများလုပ်ရမှာတုံး၊ ဘာအားကိုးရမှာတုံးလို့ ဦးမာဒင်တို့ကမေးမယ်၊ ဦးသန်းမောင်တို့ ဦးဗထွေးတို့က မေး-မေးပေါ့ဗျာ . . .၊ ကိုယ့်ကိုယ်ရှုပေးပါ၊ သေတတ်ပလား . . . (သေတတ်ပါပြီဘုရား)။

ဒကာကြွယ် ဘယ့်နှယ်လုပ်မလဲ . . . (ကိုယ့်ကိုယ်ရှုရပါမယ်) အဲ . . . သာမညဆိုတော့ ခင်ဗျားတို့ ရှေးကကြားဖူးတာက သာမညထားတာကတော့ ဘယ်လိုဆုံးမထားသလဲဆိုလို့ရှိရင် မင်းလှျူထားတဲ့ကျောင်း အာရုံပြုဟော့ . . . သဘောကျပလား . . . (ကျပါပြီ) အင်း . . . မင်းတည်ထားတဲ့ရေကန် အာရုံပြုကွာ ဒီလိုပဲပြောလေ့ရှိတယ် . . . (ရှိပါတယ်ဘုရား)။

ပြောပင်ပြောငြားသော်လဲ အဲဒါတွေ အင်မတန်ဝေးပါတယ် မဝေးဘူးလား . . . (ဝေးပါတယ်ဘုရား)။

အင်မတန်ဝေးနေတော့ ဦးမာဒင်တို့က စဉ်းစားတာပေါ့ ခန္ဓာနဲ့တော့ (နီးပါတယ်) ခန္ဓာနဲ့တော့ အတူတူနေရတယ်။

အဲဒီတော့ ခန္ဓာကို ဒကာဒကာမတို့ ရှုရှုပေးပါ သဘောကျပလား . . . (ကျပါပြီဘုရား)။

ခန္ဓာကို ရှုရှုသာနေ (မှန်ပါ့) ခန္ဓာရှုနေတော့ ခန္ဓာက ဖြစ်ပျက် ဉာဏ်က မဂ်ဖြစ်နေတယ် . . . နောက်က ကိလေသာကလဲ . . . (ချုပ်သွားပါတယ်ဘုရား)။

http://www.thitsarparamisociety.com/

ချုပ်နေတော့ အင်း. . . သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီအတွင်းမှာပဲ သေရမည့်ကိစ္စကလဲ ဧကန်ဖြစ်နေတော့ ဒီနေရာ ဝီရိယလျှော့လေဦးမလား မလျှော့တော့ဘူးလားဆိုတာလဲ မေးဖို့ မလိုဘူး . . . (မလိုပါဘုရား) မလွန်ကြိုးစားပစ်လိုက်မယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

အဲဒီမှာ ဒကာဒကာမတို့ ဟောဒီခန္ဓာ စွန့်တဲ့နေရာမှာ နိဗ္ဗာန်တောင် မြင်လာတယ်၊ ခန္ဓာစွန့်ရုံတွင်မကဘူး. . .၊ နိဗ္ဗာန် မြင်ပြီး စုတိစိတ်ကျတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကျတော့ သမသီသိ ရဟန္တာ*လို့ ဆိုရပြန်တယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် ဒကာသစ် ဘယ်နှစ်ခု စွန့်ပါ လိမ့် . . . (နှစ်ခုစွန့်ပါတယ်) ဘယ်သူပါလိမ့်ဗျာ . . . (ခန္ဓာနဲ့ တဏှာပါဘုရား)။

ခန္ဓာဆိုတာ ရှေ့ပိုင်းက ဝေဒနာမရှိတော့ဘူး၊ ဖြစ်တာ ပျက်တာကလေးတွေသာရှိတော့ ဖြစ်ပြီးပျက်သွားတာကိုလဲ သိလိုက် တဲ့အခါကျတော့ ခန္ဓာရှိသေးရဲ့လား (မရှိပါဘုရား) အဲ . . . သူကလဲ မရှိဘူး၊ နောက်ကလဲ တဏှာကလဲ လာခွင့်မရလို့ လာသေးရဲ့လား . . . (မလာပါဘုရား)။

အဲ. . . ထိုကဲ့သို့ လာခွင့်မရလို့ မလာတော့ ဒကာဒကာမ

---

* သမသီသိ၊ ရဟန္တာလည်းဖြစ်ရော စုတိစိတ်လဲ ကျတဲ့ပုဂ္ဂိုလ် ကို သမသီသိ ရဟန္တာဟုခေါ်သည်။

http://www.thitsarparamisociety.com/



တို့ တဏှာဥပါဒါန်တွေ တဒင်္ဂချုပ်မသွားဘူးလား . . . (ချုပ်သွားပါတယ်ဘုရား)။

## ခဏနိဗ္ဗာန်ရပြီလို့ဆုံးဖြတ်

အဲဒါရှုနေရင်းမတ္တနဲ့ တဲ့ ကိလေသာချုပ်နေတာ ခဏနိဗ္ဗာန်ရပြီလို့ ယနေ့ဆုံးဖြတ်ချက်ချ။

ရှုနေတုန်းကိုပဲ ဒီဉာဏ်က ဒကာဒကာမတို့ နောက်ကိလေသာကို ပေါ်ခွင့်ပေးသေးရဲ့လား (မပေးပါဘုရား)။

မပေးလို့ရှိရင် ဒါ ဒကာ ဒကာမတို့ ခဏနိဗ္ဗာန်ရပြီ၊ ခဏနိဗ္ဗာန်ဆိုတာ ဗောဓိနောက်က တဏှာနိရောဓော နိဗ္ဗာနံ . . . (မှန်ပါဘုရား)။

တဏှာချုပ်သွားတဲ့အတွက် ဘာနိဗ္ဗာန်ရသတုံး . . . (တဏှာနိရောဓောနိဗ္ဗာနံပါ) တဏှာကအမြဲချုပ်တာလားလို့မေးတော့ (တဒင်္ဂချုပ်တာပါ) တဒင်္ဂပဲချုပ်တော့ တဒင်္ဂကို မြန်မာလိုပြန်တော့ ခဏပေါ့ဗျာ . . . (မှန်ပါ့) အဲ . . . ခဏနိဗ္ဗာန်တော့ဖြင့်ရတယ် (မှန်ပ့ါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ မလုပ်တဲ့ပုဂ္ဂိုလ်မှာ ခဏနိဗ္ဗာန်ရတောင်မှ ရနိုင်ပါ့မလား . . . (မရပါဘုရား) မရဘူး တဏှာ၊ ဥပါဒါန်၊ ကံ-တဏှာ၊ ဥပါဒါန်၊ ကံဆက်လာမှာပဲ . . . ခဏနိဗ္ဗာန်ကို . . . (မရပါဘုရား)။

သြော် . . . ဒါ့ကြောင့် ဒို့ဆရာဘုန်းကြီးသည် သေတောင်မှ

http://www.thitsarparamisociety.com/

ခဏနိဗ္ဗာန်ရပြီးသေတာလေ သေစေချင်တယ် သေတောင်မှ နိဗ္ဗာန်ရပြီး သေစေချင်တယ် . . .၊ ခဏနိဗ္ဗာန် သေသေချာချာရတယ် . . . (မှန်ပါ့)။

## ခဏနိဗ္ဗာန်နဲ့ သေသွားခဲ့ရင်

နောက်ကဖြစ်ပျက်သာရှုနေ ဦးမာဒင် ကိလေသာလာသလား မလာဘူးလား . . . (မလာပါဘုရား) မလာတော့ ကိလေသာမလာတာ ဘာနိဗ္ဗာန်တဲ့လဲ . . . (ခဏနိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ခဏနိဗ္ဗာန်နဲ့ ကျုပ်တို့သေလိုက်မယ် . . . သူပြီးမှ မရဏာသန္နဇောတွေကျမယ် . . .၊ ကျချင် ကျပေစေတော့ ကိစ္စမရှိတော့ဘူးဆိုတော့ ကျုပ်တို့ ခဏနိဗ္ဗာန်နဲ့ သေသွားမယ် . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သေသွားတာသည် နိဗ္ဗာန်ရပြီး သေသွားတယ်လို့ ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘုရား) ဘာနိဗ္ဗာန်တုံးမေးတော့ ခဏနိဗ္ဗာန်။

သို့သော် မပူနဲ့ ခဏနိဗ္ဗာန်ပဲရပြီး သေပေစေ မပူနဲ့ ခဏနိဗ္ဗာန်တော့ဖြင့် သူသေချာသွားပြီ . . . (မှန်ပါ့ဘုရား) သူသည် လောကုတ္တရာမဂ်စစ် မဖြစ်သေးတော့ မဂ္ဂင်ကငါးပါးတည်း ဖြစ်နေတယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊

မဂ္ဂင်ငါးပါးဖြစ်သွားတဲ့အခါကျတော့ ဒကာဒကာမတို့ ဒီပုဂ္ဂိုလ်ဟာ ကိလေသာချုပ်ပြီး သေတဲ့ပုဂ္ဂိုလ် ဖြစ်လေသောကြောင့်

http://www.thitsarparamisociety.com/



ဦးမာဒင်တို့, ဦးသန်းမောင်တို့ သုဂတိရောက်တယ် . . . (မှန်ပါ့) နတ်ပြည်ရောက်တယ် . . . (မှန်ပါ့ဘုရား)။

ကိုယ်ရောက်ချင်လို့ ရောက်တာလားဆိုတော့ ဒီအကြောင်းကနေ ပို့တယ် . . . စုတိစိတ်ကျပြီး နတ်ပြည်သွားဖြစ်တယ် . . . (မှန်ပါ့ဘုရား)။

နတ်ပြည်သွားဖြစ်တော့ ဒကာဒကာမတွေကစဉ်းစားတော့ ဟိုမှာဖြစ်တာနဲ့ ကြားထဲ ဘာများ ခြားသေးသတုံးလို့ မေးတော့ ဦးမာဒင်ကမှတ်လိုက် အနန္တရပစ္စယော . . . အခြားမရှိဘူး၊ ကြားထဲမှာ ဘယ်စိတ်မှမခြားဘူး၊ ဒီကစုတိ ဟိုမှာအထည်ပဋိသန္ဓေ . . . (မှန်ပါ့) ခြားသေးရဲ့လား . . . (မခြားပါဘုရား)။

မခြားတော့ ဒီက ဝိပဿနာဖြစ်ပျက်ရှုထားတဲ့ ဉာဏ်က အခြားမရှိအောင်ပဲ နေတော့ သူကမေ့သေးရဲ့လား (မမေ့ပါဘုရား)။

တစ်ခါတည်း နတ်ပြည်မှာ ထိုင်လျက်ကလေး ဥပမာမယ် ဦးမာဒင်ပဲ သေသေ, ဒကာကြွယ်ပဲသေသေ ပေါ့ဗျာ၊ ဒီမှာမရလို့ သေတယ်ဆိုပါတော့၊ ဒီမှာ ခဏနိဗ္ဗာန်နဲ့ သေသွားတယ်။

အဲဒီခဏနိဗ္ဗာန်နဲ့ သေသွားပြီး စုတိနဲ့ ပဋိသန္ဓေ အခြားမရှိပဲနဲ့ ဟိုမှာ ရောက်သွားတယ်။

ရောက်သည်နဲ့တပြိုင်နက်တည်း . . . တဲ့။ ဒကာဒကာမတို့ ခုနင်က ဖြစ်ပျက်ရှုတဲ့ဉာဏ်က 'ဖျတ်' ခနဲ ပေါ်လာတယ်။

'ဖျတ်' ခနဲပေါ်လာတော့ အဲဒီကျတော့ ဖြစ်ပျက်တွေမြင်

http://www.thitsarparamisociety.com/


ဖြစ်ပျက်တွေမှန်းပြီး ဖြစ်ပျက်ဆုံးသွားပြီး အဲဒီမှာ သောတာပန်သွားတည်တယ်။

ခဏနိဗ္ဗာန်နဲ့သေတဲ့ပုဂ္ဂိုလ် ခင်ဗျားတို့ ဘာမှအားမလျှော့နဲ့ (မှန်ပါ့) ဖြစ်ပျက်တော့ဖြင့် မြင်အောင်လုပ်ရလိမ့်မယ် . . . သဘောကျပလား . . . (ကျပါပြီဘုရား)။

ကဲ. . . ဒကာကြွယ် အားလျှော့စရာ ကျုပ်တို့ အလုပ်မပါဘူး. . . (မပါ ပါဘုရား)။

## နတ်ပြည်ရောက်မှန်းမသိခင်သောတာပန်တည်တယ်

ဒါကအားလုံး ဒကာဒကာမတွေ မှတ်ပါ၊ ဘုရားကိုယ်တော်တိုင် ဒီလို ရှုသေတဲ့ပုဂ္ဂိုလ်ဟာ ကွာ . . . တဲ့ နတ်ပြည်ရောက်တာက နှေးပါသေးတယ်၊ သောတာပန်တည်တာက စောနေတယ်. . . တဲ့။

နတ်ပြည်ရောက်မှန်းမသိသေးဘူး သောတာပန်တည်တာက စောနေတယ် ဒီက ခဏနိဗ္ဗာန်နဲ့ သေသွားတဲ့ပုဂ္ဂိုလ် . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုင်း ဒကာဒကာမတို့ လုပ်ထိုက် ၊ မလုပ်ထိုက် (လုပ်ထိုက်ပါတယ်ဘုရား) လုပ်ဖြစ်အောင် လုပ်ပါဆိုတာကိုလဲ တိုက်တွန်းရပြန်တယ်။

အကျိုးကို လည်လည်ပတ်ပတ် မပြောပြန်တော့လဲ ဦးဗထွေး တို့. ဦးသန်းမောင်တို့ မလုပ်ချင်တော့ဘူး။

http://www.thitsarparamisociety.com/


အခုတော့ဖြင့် ခြော် . . . ဒီအလုပ်သည်ကား . . . လို့ ဆိုရင် ဖြစ်ပျက်မြင်ပြီး သေသွားတဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝ မဂ်စစ် မရဘူး ဝိပဿနာမဂ်နဲ့ပဲ သေသွားတယ်ဆိုစေကာမူ ဦးမံ့ာဒင် နတ်ပြည်မှာ ထိုင်လျက်သွားဖြစ်တယ်။

အဲဒီထိုင်လျက် သွားဖြစ်တော့ ငါနတ်ပြည်ရောက်နေပါပေါ့လားလို့ မသိသေးဘူး။

ဒီဉာဏ်က အနန္တရ-အခြားမရှိပဲနဲ့ သူက နတ်ပြည်မှာ နတ်ခန္ဓာ သူ့ခန္ဓာကလေး ရှုချလိုက်တာပဲ။

ကျုပ်တို့လို ကိုးလလွယ်, ဆယ်လဖွား မဟုတ်ပဲကိုးဗျ . . . ၁၆-နှစ် အသက်နှစ်ဆယ် ပုံသဏ္ဍာန်သွားဖြစ်တာ။

## ခဏနိဗ္ဗာန်က အမြဲနိဗ္ဗာန်ရောက်မယ်

အဲဒါ ဉာဏ်ကလဲ ပါပြီးသားဖြစ်တော့ သူ့ခန္ဓာသူ ရှုပြီး ချလိုက်တာ အဲဒီမှာ သောတာပန်တည်တာပဲ . . . ရောက်-ရောက်ချင်း တည်တယ်။

အဲဒီတော့ ဒီမှာ ခဏနိဗ္ဗာန်နဲ့သေသွားတော့ ဟိုမှာ အမြဲနိဗ္ဗာန်ရောက်မယ်ဆိုတော့ အားလုံး ဒကာဒကာမကွေ အားငယ်စရာ ရှိရဲ့လား . . . (မရှိပါဘုရား)။

ဒါဖြင့် ဘုန်းကြီးစိုးရိမ်တာ ပြောပါရစေဆိုတော မလုပ်ဖြစ်မှာ စိုးရိမ်တယ် အကျိုးပေးကကောဲ့ဖြင့် ဒါ. . . ဘုရားဟောလဲ အမှန်ပါပဲဆိုတာ သေချာပြီ. . . (သေချာပါပြီဘုရား)။

http://www.thitsarparamisociety.com/



အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဒီအတိုင်းလာတယ် . . . ဖြစ်ပျက်သာ မြင်ပေစေ . . . (မှန်ပါ့ဘုရား) ပူစရာမရှိပါဘူးတဲ့ . . . သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် သေနည်းဖြင့် ဒကာသစ် ရပြီဗျ ကိုင်း. . . ဦးမာဒင်တို့ သေတတ်ပလား (သေတတ်ပါပြီဘုရား) ကိုယ့်ခန္ဓာရှုပြီး သေတာပေ့ါ။

ဝေဒနာရှုသား ဝ, နေတဲ့ပုဂ္ဂိုလ်က ဝေဒနာရှုပေး . . . စိတ်ရှုသား ဝ, နေတဲ့ပုဂ္ဂိုလ်က . . . (စိတ်ရှုပေး) ရှုနေရင်လဲ ကိလေသာက ခဏချုပ်မယ် . . . ခဏချုပ်ရင် ဒီပုဂ္ဂိုလ် ဘယ်ရောက်မယ် . . . (နတ်ပြည်ရောက်ပါမယ်ဘုရား) သုဂတိ နတ်ပြည်ရောက်မယ်။

ဖြစ်သည်နဲ့တပြိုင်နက်တည်း နတ်ပြည်ရောက်တာ အရင်သိသလား၊ ဖြစ်ပျက်ရှုလိုက်လို့ သောတာပန် တည်တာက စောသလား . . . (ဖြစ်ပျက်ရှုလိုက်လို့ သောတာပန်တည်တာက စောပါတယ်ဘုရား) နတ်ပြည်ရောက်တာ နောက်မှ သိတယ်။

ဒါလောက်ထိအောင်ဖြစ်ပျက်မြင်တဲ့ ကျေးဇူး ဒကာဒကာမတို့ ဘယ်လောက် သေပျော်တယ်ဆိုတာ ပေါ်ပြီ (ပေါ်ပါပြီဘုရား)။

ဒကာကြွယ် လုပ်ရလိမ့်မယ် . . . (လုပ်ရမှာပါဘုရား) အားလုံး ဒကာဒကာမတွေ လုပ်ထိုက် မလုပ်ထိုက် . . . (လုပ်ထိုက်ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



လုပ်စမ်းပါ . . . လုပ်စမ်းပါ၊ ဖြစ်ပျက်ဟာ ရှိနေတာပဲ . . . ဒီနေရာပေါ် ဒီနေရာပျက်သွားတာပဲ။

မယုံရင် ကိုယ့်လက်ကလေး ကိုယ့်လက်သည်းနဲ့ ခြစ်ကြည့် ဦးဗထွေး ဒီနေရာမှာပဲ နာတာကလေး ပေါ်တယ် . . . လက်သည်းလဲ ဖြုတ်လိုက်ရော နာတာကလေး ဒီနေရာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဟာ ဒါဖြင့် ဒီနေရာ ဝေဒနာလဲ ပေါ်တယ်၊ ဝေဒနာလဲ ပျောက်တယ်၊ ဒါဖြစ်ပျက်ပဲ . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဖြစ်ပျက် တခြားရှာရမှာလား ခန္ဓာထဲ ဒီနေရာပေါ်ပြီး ဒီနေရာပျောက်တာကို မြင်ရင် ပြီးတာလား . . . (ခန္ဓာထဲမှာပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒီနေရာပေါ်တယ် . . . (ဒီနေရာပျောက်ပါတယ်ဘုရား) လေကလေးက ပခုံးတိုက်တယ်ဆိုတော့ လေကလေးက ပခုံးတိုက် ဒကာဒကာမတို့ အေးတဲ့ဝေဒနာကလေး မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

ပျောက်သွားတော့ ဘယ်နေရာရွှေ့ ပျောက်သတုံး . . . (ဒီနေရာမှာပဲ ပျောက်ပါတယ်ဘုရား) အဲဒီတချက်ကို မြင်ဖို့ အရေးကြီးတယ်။

ဩော် . . . ဒီနေရာမှာ အေးတဲ့ သုခဝေဒနာကလေး ပေါ်တယ်၊ ဒီနေရာမှာပဲ ပျောက်သွားတော့ ဩော် . . . ဒါဟာ

http://www.thitsarparamisociety.com/


အနိစ္စကို . . . ဝေဒနာအနိစ္စဆိုတာ ဒါကိုးလို့ . . . နောက်တစ်ခါ ပေါ်လာတော ဒီအတိုင်း လိုက်ရုံပဲ။

အဲဒ်လို့ သိနေတဲ့ပုဂ္ဂိုလ်ကျတော့ ဒီမဂ်က ရတယ် . . . ဝေဒနာကလဲ ဒီအပေါ်မှာ ချုပ်သွားလို့ ခန္ဓာက ချုပ်သွားတယ်။

ဝေဒနာ့နောက်ကလဲ ဒီကဖြစ်ပျက်ကို သိတဲ့ဉာဏ်ကလေးက လိုက်နေလို့ သူ့နောက်က ဝေဒနာပစ္စယာ တဏှာကလဲ မလာတော့ဘူး . . . (မလာပါဘုရား)။

ဒါဖြင့် ဝေဒနာက္ခန္ဓာလဲချုပ် . . . (မှန်ပါ့) နောက်က လိုက်ရမည့် တဏှာလဲ . . . (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် ခန္ဓာနဲ့ တဏှာစွန့်တယ် ဝိပဿနာဉာဏ် ရှုနေတဲ့အခါမှာ . . . (ခန္ဓာနဲ့တဏှာ စွန့်ပါတယ် ဘုရား) ခန္ဓာနဲ့ တဏှာဖြင့် သေသေချာချာ စွန့်တယ်လို့ ဒကာကြွယ် မှတ်လိုက်စမ်းပါ။

## ဝိပဿနာရှုတာ၊ ဘာကျေးဇူးရှိသတုံး?

ဝိပဿနာရှုတာများ ဘာကျေးဇူးရှိသတုံးလို့ ဒကာဒကာမတွေ ကိုယ့်ဟာကိုယ်များ သံသယရှိလာလို့ရှိရင် ဟိုရှေ့ကလဲ ခန္ဓာစွန့်ပါတယ် နောက်ကလဲသံသရာကို ဒုက္ခပေးမည့် တဏှာစွန့် ပါတယ်။

သံသရာဒုက္ခ ပေးနိုင်သေးရဲ့လား . . . (မပေးနိုင်ပါ ဘုရား) မပေးနိုင်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ၌ ပြော်

http://www.thitsarparamisociety.com/



. . . ဒုက္ခဖြစ်ကြောင်း ချုပ်အောင်လုပ်တာလဲ မဂ်ပဲ . . . (မှန်ပါ) ဆိုတာ ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ဒါက ဘာမဂ်တုံးလို့ မေးလို့ရှိရင် ဝိပဿနာမဂ် ဖြစ်ပျက်ရှုတဲ့မဂ် . . . ဖြစ်ပျက်-မဂ် ဖြစ်ပျက်မဂ်ဆိုတာ ဘုန်းကြီး နေ့တိုင်းသင်နေတယ် ဒါကဘာမဂ်တဲ့ . . . (ဝိပဿနာမဂ်ပါ ဘုရား)။

ကဲ . . . လောကုတ္တရာမဂ် ပြဦးမယ် ဒါ သိကြားမင်းကြီးကို ဘုရားက ဟောနေတယ်လို့ ဒကာကြွယ်တို့က မှတ်ထားပါ။

ကဲ . . . ဒကာဒကာမတို့ လောကုတ္တရာမဂ်ကတော့ တစ်ခါတည်း ဒီရှေ့က ဝေဒနာကလေးတွေ သူရှုတယ် ရှုလိုက်တော့ နောက်ကလဲ တဏှာတော့ ထုံးစံအတိုင်း ဖြစ်ပျက်ရှုနေတော့ လာသေးရဲ့လား . . . (မလာပါဘုရား)။

မလာတော့ ဝိပဿနာရှုပြီး လောကုတ္တရာမဂ် ဖြစ်သွားတဲ့ အချိန်ကျတော့ ဖြစ်ပျက်တွေမြင် ဖြစ်ပျက်တွေမုန်းလို့ ဖြစ်ပျက်တွေ ဆုံးသွားတဲ့အခါကျတော့ ဒီကမဂ္ဂင်ရှစ်ပါး ဖြစ်လာပြီးတော့ ဒကာဒကာမတို့ ဒီခန္ဓာလဲစွန့်ပြီးသား . . . (မှန်ပါဘုရား)။

နောက်က တဏှာလဲလာသေးရဲ့လား . . . (မလာပါဘုရား) အဲဒီဉာဏ်တစ်ခါ ခုနင်က ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို သူက အာရုံပြုပြန်တယ် . . . ဒါကလေးတစ်ချက်ပဲ ပိုတယ်။

**လောကုတ္တရာမဂ်က ခန္ဓာစွန့် တဏှာစွန့်ပြီး နိဗ္ဗာန်မြင်တယ်** (မှန်ပါဘုရား)။

http://www.thitsarparamisociety.com/


လောကုတ္တရာမဂ်ကတော့ . . . (ခန္ဓာစွန့်, တဏှာစွန့်ပြီး, နိဗ္ဗာန်မြင်ပါတယ်ဘုရား) သူကဒါပိုတယ် . . . (မှန်ပါ့ဘုရား)။

ဒါက ဒီဝွင် သောတာပန် တည်တာ . . . ဟို . . . နတ်ပြည်သွားတည်တာမဟုတ်ပါဘူး သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါကိုယ့်ဟာကိုယ် ဒကာဒကာမတွေက ဆုံးဖြတ်ချက်ချပြီးသြော် . . . ငါလောကုတ္တရာမဂ်ပါလားလို့ ကူးသွားတာမြင်လိုက်သို့ရှိရင် ခန္ဓာလဲမမြင်ရဘူး ခန္ဓာချုပ်တဲ့နိဗ္ဗာန်ပဲ မြင်ရတယ်။

ဒါဖြင့် လောကုတ္တရာမဂ်ကတော့ဖြင့် အဋ္ဌကထာဆရာကသေသေချာချာ ဖွင့်ခြင်းကြောင့် ဒကာဒကာမတို့ ခန္ဓာလဲစွန့်, တဏှာလဲ စွန့်, နိဗ္ဗာန်လဲမြင်။

ဝိပဿနာ မဂ်ကတော့မမြင်ဘူး လောကုတ္တရာမဂ်ကတော့ . . . (မြင်ပါတယ်ဘုရား) စွန့်ပုံခြင်း အတူတူပဲ အမြင်ကလေးကသူကပိုလာတယ်။

## ဝိပဿနာမဂ်ကတော့ ခဏနိဗ္ဗာန်မြင်

အဲဒီတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ ဒီနေရာမေးလိမ့်မယ် ဝိပဿနာမဂ်ကတော့ဘုရား ခန္ဓာစွန့်, တဏှာစွန့်ပြီး ခဏနိဗ္ဗာန်မြင်ပြီးသွားတယ်. . .။

ဒီဖြစ်ပျက်အဆုံး ဝေဒနာဆုံးအောင်လိုက်တဲ့ ပုဂ္ဂိုလ်များကျတော့ ဝေဒနာက္ခန္ဓာလဲဆုံးတယ်. . . နောက်ကတဏှာကော

http://www.thitsarparamisociety.com/



. . . (ဆုံးပါတယ်ဘုရား) အဲ. . . ဆုံးပြီးသကာလ ဒီဉာဏ်သည် ဒကာ ဒကာမတို့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို မြင်ပြန်တယ်. . . သူက နိဗ္ဗာန်မြင်တာကလေး တစ်ချက် ပိုလာတယ်. . .။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အလုပ်-လုပ်ရမှာက ဒီကျအောင်လုပ်ရမယ်. . . သဘောကျပ လား . . . (ကျပါပြီဘုရား)။

ဒီကျအောင် လုပ်လိုက်ပါတဲ့ . . . တစ်ခါတည်းလုပ်ရင်း မတ္တနဲ့ပဲ ဖြစ်ပျက်ပြီးဆုံးသွားပြီဘုရားဆိုတာကို ဘုန်းကြီးများက ကြားချင်တယ်။

ဖြစ်ပျက်ဆုံးသွားပြီ ဘုရားဆိုတော့ ခန္ဓာစွန့်, တဏှာစွန့် နိဗ္ဗာန်မြင်ပြီဆိုတာ ဦးလှဘူးသေချာတယ် . . . (သေချာပါတယ်ဘုရား)။

ဒါ့ကြောင့် ဦးဗထွေးတို့ ဦးသန်းမောင်တို့ ဩော် . . . ဒီဖြစ်ပျက်ဟာ တွေ့လို့ရှိရင်တော့ ဆုံးမှာပဲ။

တွေ့ရင် . . . (ဆုံးသွားမှာပါဘုရား) မတွေ့တဲ့ပုဂ္ဂိုလ်ကျတော့ အစမတွေ့လို့ အဆုံးတွေ့မှာ မဟုတ်ဘူး။

## ဖြစ်ပျက်ရှိရင် ဖြစ်ပျက်အဆုံးရှိတယ်

တွေ့တဲ့ပုဂ္ဂိုလ်ဖြင့် ဒီဖြစ်တွေဟာ တစ်ခါတည်း ခန္ဓာကိုယ်ထဲမှာ ဟိုနေရာပေါ် လိုက် ဒီနေရာပေါ် လိုက်နဲ့ လိုက်သာနေ ကြာတော့ သူ့ဖြစ်ပျက်ရှိလို့ရှိရင် ဖြစ်ပျက်အဆုံးရှိတာပဲ။

http://www.thitsarparamisociety.com/



ဖြစ်ပျက်ရှိရင် . . . (ဖြစ်ပျက်အဆုံးရှိပါတယ် ဘုရား) အဲဒီလိုသာ ဒကာဒကာမတွေက နေ့တိုင်း ဉာဏ်ကလေးနဲ့ လိုက်လိုက်လိုက်လိုက်သွားပြီဆိုရင် အဆုံးမြင်လိုက်တဲ့ အခါကျပြီဆိုရင်ဖြင့် ဒါလောကုတ္တရာမဂ်ဖြစ်ပြီလို့ မှတ်လိုက်။

ဖြစ်ကြောင်း-မဖြစ်ကြောင်းကိုလဲ ခန္ဓာလဲ ရှာမတွေ့ဘူး တဏှာလဲ သေနေပြီ . . . (သေပါထယ်) ဖြစ်ပျက်အဆုံးလဲ ဒီဉာဏ်ကမြင်နေပြီ။

ဒါဖြင့် ဒီဉာဏ်သည် ဒကာဒကာမတို့ ခန္ဓာစွန့်, တဏှာစွန့်ပြီး နိဗ္ဗာန်မြင်တယ်။

ဘယ့်နှယ်တုံး . . . (ခန္ဓာစွန့်, တဏှာစွန့်ပြီး နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

အဲဒါက ဘုန်းကြီးကပြောလို့ သိတာနော် . . . ဟိုမှာ ဖြစ်စဉ်ကျတော့ ခင်ဗျားတို့ခန္ဓာစွန့်တာကိုတော့ ခင်ဗျားတို့ မသိပါဘူးတဲ့ ခင်ဗျားတို့သိတာက ဩော် . . . ဖြစ်ပျက်တွေ မရှိပါဘူးလားလို့ သိတာ။

## ဖြစ်ပျက်မရှိတာက ခန္ဓာစွန့်တာ

ဖြစ်ပျက်တွေမရှိဘူးလားလို့ သိတော့ ဖြစ်ပျက်မရှိတာက ခန္ဓာစွန့်တာ . . . (မှန်ပါ့) ဟုတ်လား ခန္ဓာရှိသေးရဲ့လား . . . (မရှိပါဘုရား)။

မရှိတော့ကို ခန္ဓာတို့၏ ဆုံးရာကလဲ တွေ့ပြီ၊ ခန္ဓာမှမရှိ

http://www.thitsarparamisociety.com/



တော့ကို ခန္ဓာ့ဆုံးရာကိုလဲတွေ့ပြီ . . . အဲဒီခန္ဓာဆုံးတာက နိဗ္ဗာန် ဖြစ်ပျက်တွေက သူ့ဟာသူ ချုပ်သွားတာက ခန္ဓာစွန့်သွားတာ။

ဒါဖြင့် ခန္ဓာလဲစွန့်, နိဗ္ဗာန်လဲမြင် တဏှာဒိဋ္ဌိတို့က ဦးဗထွေး တို့ သူ့ဟာသူသေတာ . . . (မှန်ပါ့) သို့သော် ခင်ဗျားတို့မှာတော့ ဗဟုသုတရှိအောင်လို့ ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ် ဘာထူး သတုံးလို့ မေးတဲ့အခါကျတော့ ဝိပဿနာမဂ်က ခန္ဓာစွန့်, တဏှာ စွန့်တယ်။

တကယ်လောကုတ္တရာမဂ် ဖြစ်လာလို့ ဖြစ်ပျက်ကို အား ကြိုးမာန်တက်နဲ့ လိုက်-လိုက်လို့ရှိရင် ခန္ဓာလဲစွန့်, တဏှာလဲစွန့် နိဗ္ဗာန့်လဲမြင်တယ် . . . ဘယ်သူကတုံးဗျ . . . (လောကုတ္တရာမင် ကပါဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒီနေ့တရားသည် ဒကာဒကာမတို့ အလုပ်သမားအတွက် မှာဖြင့် သတိထားရမည့်တရား။

ဘယ်လိုဆိုကြမယ် . . . (အလုပ်သမားအတွက်မှာ သတိ ထားရမည့်တရားပါဘုရား)။

နို့မဟုတ်လို့ရှိရင် လုပ်ဟဲ့-လုပ်ဟဲ့ဆိုလို့ ဆရာကသာ အလုပ်ခိုင်းနေလို့ မှတ်တိုင်မပါပဲနဲ့ အသွားခိုင်းနေသလို ဖြစ်နေ တယ် အခုဟာက မှတ်တိုင်ပါတယ် . . . (ပါ-ပါတယ်ဘုရား)။

ဟောဒီမှတ်တိုင်ကျရင် ဒကာဒကာမတို့ ရပ်တော့ တော်တော့ ဆိုတော့ အရမ်းသွားနေရတာလား ဦးမာဒင်တို့ ဦးသန်း

မောင်တို့ရ မှတ်တိုင်နဲ့သွားရတာလား . . . (မှတ်တိုင်နဲ့ သွားရတာ ပါဘုရား)။

မှတ်တိုင်နဲ့ သွားတဲ့ပုဂ္ဂိုလ်က ရောက်တယ်၊ မရောက်ဘူး သိတယ် (သိပါတယ်ဘုရား) အရမ်းသွားနေတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် မသိဘူး။

## ဖြစ်ပျက်မတွေ့ရင်နိဗ္ဗာန်

အခုတော့ ဘုရားက တဏှာသခ်ယသုတ်မှာ ဒီအတိုင်းပဲ ဟော့ . . . တဲ့၊ ခယ ဝယ အဆုံးကိုလွန်ရင် နိဗ္ဗာန်ပဲမှတ် ဖြစ်ပျက် မတွေ့ရင် နိဗ္ဗာန်မှတ် . . . ဘာတဲ့တုံး . . . (ဖြစ်ပျက်မတွေ့ရင် နိဗ္ဗာန်မှတ်ပါဘုရား)။

ဖြစ်ပျက်မတွေ့တော့ဘူးလို့လဲ ကိုယ့်ဟာကိုယ်လဲသိရမယ် တွေ့တုန်းကလဲ ကိုယ်သိနေရမယ် . . (မှန်ပါ့)။

အင်း . . . တွေ့တုန်းက အပျက်ကလေးတွေတွေ့. . .၊ အပျက်ကလေးတွေတွေ့ရင် ကိုယ့်ဟာကိုယ် သိနေရမယ်။

နောက် ရှုရင်းမတ္တနဲ့ အပျက်ကလေးတွေရော မတွေ့တော့ ပါဘူးလို့ မသိရဘူးလား . . . (သိရပါတယ်) အဲ . . အပျက်တွေ့ တဲ့ ပုဂ္ဂိုလ်ဟာ အပျက်မတွေ့တာလဲ သိရမယ်။

အဲဒီကဲ့သို့ အပျက်တွေ့နေရင် ဝိပဿနာဉာဏ်မှတ် (မှန်ပါ့) ဖြစ်ပျက်တွေ မတွေ့တော့ဘူးဘုရား၊ တပည့်တော်ဖြင့် ဘယ်လိုရှာရှာ မတွေ့တော့ပါဘူးဆိုရင် နောက်ထပ်လဲ မရှာနဲ့။

http://www.thitsarparamisociety.com/



ဒါနိဗ္ဗာန် မျက်မှောက်ပြုလို့ ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်ပဲဆိုတာသိသွားလို့ နိဗ္ဗာန်မျက်မှောက်ပြုတဲ့ကိစ္စပဲလို့ မှတ်လိုက်စမ်းပါ. . . သဘောကျပလား . . . (ကျပါပြီဘုရား)။

## သိကြားမင်း၏ အမေး

ဒါ့ကြောင့် သိကြားက မေးတာပေါ့ အရှင်ဘုရား ခယဝယအဆုံးကိုလွန်တဲ့ နိဗ္ဗာန်ကို အမြန်ဆုံးနည်းနဲ့ ရောက်ချင်ပါတယ်ဘုရား. . . ။

## ဘုရားဖြေတော်မူပုံ

တဏှာကုန်တဲ့နိဗ္ဗာန်ကို အမြန်ဆုံးနည်းနဲ့ ရောက်ချင်တယ်ဆိုတော့ မင်းဟာကွာ တစ်ခါတည်းဖြစ်ပျက်ရှုပြီး ဖြစ်ပျက်အဆုံးလိုက်-လိုက်လို့ရှိရင်ဖြင့် ခန္ဓာလဲစွန့်, နိဗ္ဗာန်လဲမြင်, တဏှာလဲနောက်ကသေတာပေါ့ကွ၊ ဒါကိုလုပ်ကွ . . . ဘုရားက သေသေချာချာဟောတယ် . . . (ဟောပါတယ်ဘုရား)။

ဒါဖြင့် ဒကာကြွယ် လုပ်တတ်ပလား . . . (လုပ်တတ်ပါပြီဘုရား)။

ကဲ . . . ဒါဖြင့် ဝိပဿနာဉာဏ်က ဘယ်နှစ်ခုစွန့်သလဲ . . . (နှစ်ခုစွန့်ပါတယ်) ဘယ်သူ-ဘယ်သူပါလိမ့်ဗျာ . . . (ခန္ဓာနဲ့တဏှာပါ) အဲ . . သူနဲ့သေရင် ခဏနိဗ္ဗာန်ရသေတဲ့ပုဂ္ဂိုလ်ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . တပည့်တော်တို့က ဘုရား . . .၊ ဒီဘ၀တွင်ပဲ အရလုပ်တော့မယ်ဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်လဲဆုံးသွားပြီ။

ဖြစ်ပျက်ဆုံးရင် ခန္ဓာစွန့်ပြီ နောက်တဏှာကော (စွန့်ပါပြီ ဘုရား) အင်း . . . နိဗ္ဗာန်ကော ဉာဏ်က ပြေးဝင်မသွားဘူးလား . . . (ပြေးဝင်သွားပါတယ်ဘုရား)။

ဩော် . . . လောကုတ္တရာမဂ်ကတော့ ခန္ဓာစွန့်, တဏှာစွန့်, နိဗ္ဗာန်ဘက် ပြေးဝင်တယ် . . . သဘောကျပလား . . . (ကျပါပြီဘုရား)။

ခန္ဓာလဲ . . . (စွန့်ပါတယ်ဘုရား) တဏှာလဲ . . . (စွန့်ပါတယ်) ဉာဏ်က ဘယ်ဘက်သွားသတုံး . . . (နိဗ္ဗာန်ဘက် သွားပါတယ်ဘုရား)။

## နိဗ္ဗာန်ဆိုတာ

နိဗ္ဗာန်ဘက်ဆိုတော့ ဝင်းဝင်းကြီးလား. . .၊ ဝါဝါကြီးလား၊ မြို့ကြီးလား . . .၊ ပြကြီးလားလို့ ဒီလိုမယူပါနဲ့ . . . ဒုက္ခတွေ ကိုယ်ရှေ့တွင်မရှိတာ ဩော် . . . ဒုက္ခသိမ်းတဲ့နေရာ ဒါပဲလို့ အာရုံပြုနိုင်ရင် ပြီးတာပဲ . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသိမ်းတယ်ဆိုတာ ဩော် . . . အခု ဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာ . . .၊ ဒီဒုက္ခသစ္စာ မိမိဉာဏ်ထဲ မတွေ့ရလို့ရှိရင် ဩော် . . . ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတာဆိုတာ ဒါနိဗ္ဗာန်ပဲ။

နိဗ္ဗာန သဒ္ဒါက မြို့တို့, ပြတို့ကို ဟောတာမဟုတ်ဘူး

http://www.thitsarparamisociety.com/



ဦးမာဒင်တို့နော် နိဗ္ဗာန သဒ္ဒါက ငြိမ်းအေးသွားတာ (မှန်ပါ့ဘုရား) ဒုက္ခချုပ်ငြိမ်းသွားတာ ပေါ်တာ။

အာရုံပြုရင်းမတ္တနဲ့ ဒုက္ခတွေ ဘာဖြစ်သွားသတုံး . . . (ချုပ်ငြိမ်းသွားပါတယ်ဘုရား)။

အာရုံပြုရင်းမတ္တနဲ့ ဒုက္ခတွေ ချုပ်ငြိမ်းသွားတော့ ဉာဏ်ကလေးကဖြင့် တစ်ခါတည်း အင်း . . . ဒုက္ခချုပ်ပေပေါ့ . . .၊ ဒုက္ခချုပ်ပေပေါ့လို့ ဉာဏ်ကလေးကသိတယ် . . . (မှန်ပါ့) သူက မေ့သွားတာမဟုတ်ဘူး . . . ဉာဏ်ကသိယျက်ပဲ။

အဲဒီကဲ့သို့ ဉာဏ်ကသိတော့ မဂ်ဉာဏ်က တစ်ကြိမ်ပေါ်တယ်၊ နောက်ကဖိုလ်ဉာဏ်တွေက နှစ်ကြိမ်, သုံးကြိမ် ပေါ်တယ်။

## ပစ္စဝေက္ခဏာဉာဏ်

နောက်သိနေတာကလေးက ချုပ်ပေပေါ့ . . .၊ ချုပ်ပေပေါ့လို့ ဆင်ခြင်နေတာက ပစ္စဝေက္ခဏာဉာဏ်လို့ ခေါ်တယ်။

အဲဒီတော့ကို ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်နဲ့ ထူးခြားပုံ ယနေ့ရှင်းပေးပြီ ရှင်းပေးလိုက်တယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ) သဘောကျပြီနော် . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အလုပ်စဉ်ကလေးလဲ မှတ်ပါ . . . ဒဟောကြွယ်ရေ မြစ်ပျက်မြင်ရင် ယထာဘူတဉာဏ် ဖြစ်ပျက်မှန်း . . .

http://www.thitsarparamisociety.com/



. . . (နိဗ္ဗိန္ဒဉာဏ်ပါ) ဟာ . . . ဖြစ်ပျက်တွေ ရှုရင်းမတ္တနဲ့ ဆုံးသွားရင် . . (မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ် အစစ်ပေါ့။

## ယထာဘူတဉာဏ်

ဖြစ်ပျက်မြင်ရင် (ယထာဘူတဉာဏ်) ဖြစ်ပျက်မြင်ကတည်းက ယထာဘူတဉာဏ် . . . ကထာဘူတဉာဏ်ဆိုတာ တခြားမှတ်မနေနဲ့ ခန္ဓာကိုယ်ထဲမှာ အရှိကိုအရှိအတိုင်း မြင်လို့ရှိရင် ဦးမာဒင် ယထာဘူတဉာဏ်။

ယောကျ်ား မိန်းမ မတွေ့ပဲနဲ့ ဖြစ်ပျက်တွေ့နေရင် သူ့ကို ဘာဉာဏ်ခေါ်ကြမလဲ . . . (ယထာဘူတဉာဏ်ပါ) ယထာဘူတ ယထာသဘာဝ သူ့သဘောကိုမြင်တယ် ခန္ဓာသဘော သွားဖြစ်တယ်။

ခန္ဓာ့သဘောက အနိစ္စခန္ဓာကြီး ဖြစ်လေသောကြောင့် ဖြစ်ပြီး ပျက်တဲ့ အနိစ္စတွေပဲမြင်နေရင် ဦးမာဒင် ဦးသန်းမောင်တို့ ဘာဉာဏ်ခေါ်ကြမလဲ . . (ယထာဘူတဉာဏ်ပါဘုရား)။

မလျှော့နဲ့၊ ဒီဉာဏ်ရရင်ပဲ ခင်ဗျားတို့ သေပျော်ပြီ (မှန်ပါ့) ဒီဉာဏ်ရရင် ဒုတိယဘဝ နိဗ္ဗာန်ရမယ်။

သေသည်၏အခြားမဲ့၌လည်း အပါယ်မသွားဘူး ရောက်ရောက်ချင်းလဲ သောတာပန်တည်ပြီ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/



အဲဒီတော့ ဖြစ်ပျက်ကလေးမြင်ဖို့ရာ ဉာဏ်ဟာလဲ ယထာဘူတဉာဏ်လို့ ဆိုသောကြောင့် ဒကာဒကာမတို့ အရှိနဲ့ အသိဖြင့်ကိုက်ပါပေ့။

နဂိုအရှိက ယောကျ်ားမိန်းမ ရှိတာမှမဟုတ်ပဲ . . . ဖြစ်ပျက်ရှိတာကို ဖြစ်ပျက်သိတော့ ဦးမာဒင်က ဒီဉာဏ်ကို ဘာဉာဏ်လို့ဆိုမတုံး . . . (ယထာဘူတဉာဏ်ပါဘုရား)။

ဒါဖြင့်အရှိနဲ့ အသိကိုက်တဲ့ဉာဏ်သည် ယထာဘူတဉာဏ် . . . ရှင်းပလား . . . (ရှင်းပါပြီ)။

ဦးဗထွေးတို့ ဦးသန်းမောင်တို့အရှိနဲ့ အသိကိုက်တဲ့ ဉာဏ် . . . (ယထာဘူတ ဉာဏ်ပါဘုရား)။

အရှိက ခန္ဓာကိုယ်ထဲ ဘာရှိသတုံး (ဖြစ်ပျက်တွေပဲရှိပါတယ်) ဖြစ်ပျက်အနိစ္စပဲရှိတယ် ဩော် . . . ရှုလိုက်တော့လဲ ဒါပဲတွေ့တယ် . . . ဒီတွေ့တဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်မလဲ . . . (ယထာဘူတဉာဏ်ပါဘုရား) ဒကာသစ် သိပ်အဖိုးတန်ပြီ . . . (အဖိုးတန်ပါပြီဘုရား)။

## နိဗ္ဗိန္ဒဉာဏ်

ဒီဉာဏ်ရပြီးတော့ ဒကာဒကာမတွေက နောက်မဆုတ်လိုက်နဲ့ ငါးမိနစ် ဆယ်မိနစ်ရှေ့တိုးလိုက် . . . ရှေ့တိုးလိုက် ကြည့်နေပါဆက်ပြီးတော့ . . . (မှန်ပါ့) ဆက်ပြီး ဒီဖြစ်ပျက်တွေပဲ ဆက်

http://www.thitsarparamisociety.com/



ကြည့်နေတဲ့အခါကျတော့ ဉာဏ်ရင့်ပြီး သကာလ ဩော် . . . ဒါတွေဟာ မုန်းစရာ ရွံစရာ မလိုချင်စရာဆိုတာ ဒါပဲဆိုပြီး တက်လာရင် ဒါနိဗ္ဗိန္ဒဉာဏ် တက်လာတာပဲ . . . (မှန်ပါ့ဘုရား)။

နောက်ကျတော့ ကိုယ့်ဟာကိုယ်ပဲ ဆင်ခြင်လိုက်တယ် ဩော် . . . ဒါဖြစ်ဒုက္ခ, ပျက်ဒုက္ခ, ဒုက္ခသစ္စာဆိုတာလဲ စခြားလား မှတ်နေတယ်၊ ဒါပဲ ဆိုတာကိုး . . . ဖြစ်တာလဲ ဒုက္ခသစ္စာ၊ ပျက်တာလဲ ဒုက္ခသစ္စာလို့ ဒကာကြွယ်တို့က သိသွားပြီ အဲဒီအသိကလေး ခဏခဏကလေးလဲသိပြီး ရင့်ကျက်ပြီးပါရော 'ဖျတ်' ဆို ဒုက္ခသစ္စာဖြစ်ပျက်ဟာ အကုန်ချုပ်သွားတယ်။

ချုပ်လို့ရှိရင် ခန္ဓာရှိသေးရဲ့လား . . . (မရှိပါဘုရား) နောက်က တဏှာကော . . (မရှိပါဘုရား) ဉာဏ်က ဘယ်ဘက်သွားပါလိမ့် . . . (နိဗ္ဗာန်ဘက်သွားပါတယ်ဘုရား)။

ချုပ်ဆုံးတာဖြင့် သေချာပြီ၊ ဒုက္ခဖြင့် ကိုယ့်မှာကုန်ပြီ . . . ဒီဉာဏ်က ဆင်ခြင်လိုက်တယ် . . . ဒုက္ခကုန်တဲ့ဆီကို ဉာဏ်က ရောက်တယ် . . . (မှန်ပါ့)။

ခုနင်က ဒုက္ခတွေချည့်ရှုနေရတာကိုး . . . (မှန်ပါ့) အခုတော့ ဒုက္ခမတွေ့ဘူးဆိုတာလဲ ကိုယ့်ဉာဏ်ပဲ မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



## မဂ်ဉာဏ်

အဲဒီမတွေ့ဘူးဆိုတဲ့ဉာဏ်သည် ဒကာဒကာမတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ပဲ . . . ဘာမှ အားမငယ်နဲ့ ဒီဥစ္စာ ဆုံးမှာပဲ . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်က ခန္ဓာစွန့်, တဏှာစွန့် . . . မဂ် ဉာဏ်အစစ်ဖြစ်လာတဲ့အခါကျတော့ ရှေ့က ခန္ဓာလဲ ရှာမတွေ့တော့ ဘူး၊ နောက်က တဏှာလဲ သူ့ဟာသူ သေနေတယ် ကိုယ့်ဉာဏ်က လဲဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်မြင်နေတယ်။

ဩော် . . . မဂ်ဉာဏ်က သုံးကိစ္စ . . . ခန္ဓာစွန့်, တဏှာ စွန့် နိဗ္ဗာန်မြင်တယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား) အဲဒီကို မရောက်-ရောက်အောင်လုပ်ပါဆိုတာ တိုက်တွန်းတယ်။

ကဲ - ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

http://www.thitsarparamisociety.com/



ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

စာမူခွင့်ပြုချက် ၂၁/၉၀ (၁)
မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။